မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၈)၊ အမှတ်(၂၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုအားပေး

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ရန်ကုန်တိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့၏ လူငယ်အားမာန် မိုးယံဆီသို့ ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်တင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ရန်ကုန်တိုင်းကိုယ်စားပြု ပြဇာတ်ပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်မှု ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၉

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယမန်နေ့ည ၉နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ **"လူငယ်အားမာန် မိုးယံဆီသို့"** ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့၏ ပါဝင်ယှဉ်ပြိုင်တင်ဆက်မှုကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၅ *

သားသမီးတို့အပေါ် ထားရှိသော မိဘမေတ္တာ၊ ကရုဏာတို့ကဲ့သို့ ပြုစုစောင့်ရှောက်မှုတို့ကြောင့် တိုးတက်စည်ပင်လာသည့် ဘိုကလေးမြို့မြင်ကွင်း

သတင်းဆောင်းပါး
မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း
လှမိုး(သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု
သောင်းရွှေ(မြန်မာ့အလင်း)

ဘိုကလေးမြို့နယ်ရှိ အောင်မြင်ဖြစ်ထွန်းပြီး သီးကင်းများလိုက်နေသော စပါးခင်းများကို ဤသို့တွေ့ခဲ့ရသည်။

ရန်ကုန် အောက်တိုဘာ ၁၉

မိမိတို့သတင်းအဖွဲ့သည် ဖျာပုံမြို့မှ ဘိုကလေးမြို့သို့ ဆက်လက်ခရီးနှင်ခဲ့ကြသည်။ ဖျာပုံနှင့် ဘိုကလေးသည် ၁၉ မိုင်ခန့်သာဝေး၏။ လတ်ဆတ်သန့်ရှင်းသောလေကို ရှူရှိုက်ရပြီး မြစိမ်းရောင်စပါးခင်းကို မြင်တွေ့ရမှုကြောင့် လမ်းခရီးတွင် အပူဒဏ်သက်သာရခဲ့သည်။ လမ်းခရီးတစ်လျှောက်ကျေးရွာများကို မြင်တွေ့ရသည်မှာ ကိုယ့်အသက်မွေးဝမ်းကျောင်း အလုပ်ကိုယ်စီတို့ဖြင့် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသောကြောင့် အခြားကျေးလက်များတွင် မြင်တွေ့နေကျ သက်ငြိမ်ပန်းချီကားတစ်ချပ်ပမာပင်····။

လှပထည်ဝါ

ဘိုကလေးမြို့တစ်ပတ် မြို့လုံးပတ်လည်လှေလာခွင့်ရခဲ့ပါသည်။ မြင်ကွင်းမှာ ယခင်နှင့်ယခု တခြားစီပင်။ သစ်လွင်သော အမိုးအကာတို့ဖြင့် လူနေအိမ်များ၊ ရုံးအဆောက်အအုံနှင့် ကျောင်းများသည် မြို့ဥပဓိရုပ်နှင့်အညီ လှပထည်ဝါလျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၁ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၀ ရက်)

ခေတ်မီပညာသင်ကြားနိုင်မှု အခွင့်အလမ်းကောင်းများရရှိ နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ဖော်ဆောင်

ရန်ကုန် ကွန်ပျူတာတက္ကသိုလ် အိန္ဒိယ-မြန်မာ သတင်းအချက်အလက် နည်းပညာကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်းဌာန ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ရက်က ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပခဲ့ရာ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်ခဲ့ပေသည်။

အိန္ဒိယ-မြန်မာ သတင်းအချက်အလက် နည်းပညာကျွမ်းကျင်မှု မြှင့်တင်ရေးဌာနကို ဖွင့်လှစ်နိုင်ရန် ပြီးခဲ့သည့် ဒီဇင်ဘာ ၁၂ရက်နေ့၌ နှစ်နိုင်ငံ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ယင်းသင်တန်းဌာနကို မြန်မာနိုင်ငံတွင် ICT ကဏ္ဍ၌ ကျွမ်းကျင်သူများ ပေါ်ထွန်းလာစေရန်၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ကဏ္ဍများတွင်လည်း ခေတ်မီနည်းပညာရပ်များကို ပြည်ထောင်စုအနှံ့ လွယ်လင့်တကူ လေ့လာအသုံးချနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပေသည်။

ဤသင်တန်းဌာနကို ရန်ကုန်၊ မန္တလေးနှင့် ရတနာပုံမြို့အပါအဝင် နိုင်ငံတစ်ဝန်းရှိ စခန်းခွဲ ၁၀ခု၌လည်း တစ်ပြိုင်တည်း ဖွင့်လှစ်နိုင်ခဲ့သည်။

ယင်းသို့ ဖွင့်လှစ်နိုင်ခြင်းဖြင့် ကမ္ဘာ့အဆင့်မီ နည်းပညာရပ်ကို မည်သူမဆို လေ့လာသင်ကြားနိုင်ခွင့်ရရှိရန် သင်တန်းဌာနများက ခေတ်မီ ဆက်သွယ်ရေးနည်းပညာများဖြင့် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထိုနည်းပညာများ လေ့ကျင့်သင်ကြားပေးနေသော ကွန်ပျူတာတက္ကသိုလ်များနှင့် နည်းပညာများကို လက်တွေ့အသုံးချနေသည့် စက်မှုလုပ်ငန်း ကဏ္ဍများအကြား ပေါင်းကူးပေးမည့်နေရာသစ်အဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ အဝေးရောက် ကျန်းမာရေးကုသမှုများ၊ အဝေးရောက်သင်ကြားရေး နည်းစနစ်များနှင့် ကျေးလက်ဒေသပါမကျန် ခေတ်မီပညာရေးစနစ်များကို လေ့လာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်မည် ဖြစ်သည်။

အိန္ဒိယ-မြန်မာ သတင်းအချက်အလက် နည်းပညာကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်းဌာနသည် နှစ်နိုင်ငံအကြား ကာလကြာရှည်စွာရှိပြီး ဖြစ်သည့် ချစ်ကြည်ရင်းနှီးမှု၏ အသီးအပွင့်တစ်ခုဖြစ်သည်။

သို့ဖြစ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် အထောက်အကူ ဖြစ်စေမည့် လူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတစ်ဝန်း၌ မွေးထုတ်ပေးနိုင်သည့် အခွင့်အလမ်းကောင်းတစ်ခုကို လူငယ်မောင်မယ်များက အကျိုးရှိရှိ အသုံးချသွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အင်းစိန်ရွာမနှင့် အလုံ ဓာတ်အားပေးစက်ရုံ လျှပ်စစ်(၂)ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၉

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၌ စက်စွမ်းအားပြည့် လည်ပတ်ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် တာဘိုင်စက်များ ကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရွာမစက်ရုံ Control Room ရှိ 33KV အထွက် ဖီဒါကိုးခုဖြင့် ဓာတ်အားထိန်းချုပ် ဖြန့်ဖြူးမှုအခြေအနေ၊ စက်ရုံရှိ တာဘိုင်များ စက်စွမ်းအား ပြည့်လည်ပတ် ဓာတ်အားထုတ်လုပ်လျက်ရှိမှု အခြေအနေ၊ အထွက်ဖီဒါ Control Pannel များနှင့် Switch Yard ရှိ 33KV နှင့် 66KV အထွက်ဓာတ်အားလိုင်းများ ချိတ်ဆက်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အဖွဲ့သည် အလုံသဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၌ အရန်ပစ္စည်းများ ရောက်ရှိနေမှု အခြေအနေကိုလည်းကောင်း၊ အလုံဓာတ်အားပေးစက်ရုံ Control Room တွင် တာဘိုင်စက်များနှင့် ရေနွေးငွေ့ဘွိုင်လာစက်များအား Computer Control System ဖြင့် ထိန်းချုပ်မောင်းနှင် ဓာတ်အား ထုတ်လုပ်လျက်ရှိမှုအခြေအနေ၊ Control Pannel များမှ ဓာတ်အားဖြန့်ဖြူး ပေးလျက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၀-၁၀-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၂၀	၈။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မင်းသမီးရဲ့ နေ့စဉ်မှတ်တမ်း** (အပိုင်း-၃)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
	၂၁။	မေးမြန်းစူးစမ်း
	၂၂။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေကြောင်းမြို့တော်** (အပိုင်း-၅)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စက်သုံးဆီအရောင်းဆိုင်များ စစ်ဆေး အခြင်အတွယ်မှန်ကန်ရေး အလေးထားဆောင်ရွက်ရန် မှာကြား

ရန်ကုန် အောက်တိုဘာ ၁၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၂၇၅)သို့ သွားရောက်၍ မော်တော်ယာဉ်များအား စက်သုံးဆီဖြည့်တင်းပေးနေမှုနှင့် စာရင်းဇယားများ မှန်ကန်မှုရှိမရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်သုံးဆီ အခြင်အတွယ် ပြည့်ဝမှန်ကန်စေရေး၊ ပြည်သူများနှင့် ပြေပြစ်စွာဆက်ဆံရေးကို အလေးထားဆောင်ရွက်ကြရန် မှာကြားကာ ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (ယာပုံ)

မှာကြား

ထို့နောက် ဝန်ကြီးသည် စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၂၆၁)သို့ သွားရောက်၍ မော်တော်ယာဉ်များအား စက်သုံးဆီရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးပြီး စက်သုံးဆီ အခြင်အတွယ် ပြည့်ဝမှန်ကန်စွာ ရရှိစေရန်၊ မီးဘေးအန္တရာယ် ဂရုပြုကြရန် မှာကြား၍ ပိုင်ရှင်များနှင့်ယာဉ်မောင်းများအား တွေ့ဆုံကာ ယာဉ်မောင်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် လမ်းသစ်လမ်း အမှတ်၂၆၉နေ ဖခင် ဦးထွန်းလှိုင် (၂)နှစ်ပြည့်အားရည်စူး၍ ဦးသီဟ-ဒေါ်ချိုချိုလေး၊ သမီး မနှင်းဝတ်ရည်ထွန်း မိသားစုက လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၀-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**ဒုလ္လဘနှင့်ကြုံရပြန်သော်** တရားတော် (ပထမပိုင်း) (ဆရာတော် ဘဒ္ဒန္တသောဘဏ)
၇း၄၅-၁း၄၅	လေ့လာမှတ်သားစေရန် ဘောလုံးအားကစားအခြေခံ
၈း၀၀-၂း၀၀	Soccer Update
၈း၁၅-၂း၁၅	**အဆုံးအဖြတ်** ခန့်စည်သူ၊ အေးမြတ်သူ၊ ၄က်ပျောကြော်၊ မျိုးမျိုးခိုင်၊ ကျင်ဝှက်၊ သိန်းဇံ (ဒါရိုက်တာ ဖုန်းမြင့်အောင်)
၈း၃၀-၂း၃၀	နိုင်ငံတကာ အနုပညာရေးရာ
၉း၀၀-၃း၀၀	အဆင့်မြင့်ဖျော်ဖြေချင် ရွှေရွက်လေ့ဇာတ်သဘင်
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ (နဝင်းဆရာကြီး ဦးငွေစိုးနှင့် တွေ့ဆုံခြင်း)
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	Activities in the City (စန္ဒီမာပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား)
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅-၄း၂၅	သူတို့ပြောတဲ့ သူတို့အကြောင်း (အနုပညာရှင် တက္ကသိုလ်ဂွမ်းပုံနှင့် တွေ့ဆုံခြင်း)
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	Biz Net
၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀-၅း၄၀	ပွဲလယ်တင့်တယ် ခံ့ညားတယ်
၁၁း၅၀-၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅-၅း၅၅	မိခင်နို့တိုက်ကျွေးခြင်း အကျိုးကျေးဇူးများနှင့် မယ်လမင်းဓာတ်ပါဝင် နေသော အစားအစာများ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသော်ဇင်၊ ဒေါက်တာအေးအေးသိန်း)
၁၂း၃၅-၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀-၆း၄၀	စိုက်ပျိုးဝေဆာတို့မြေမှာ (သင်္ဘောပင်စိုက်ပျိုးနည်း)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ စနေနေ့

ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

စိတ်ကောင်းနှင့်ယှဉ်

အမျှားအကျိုး၊ ရှက်သယ်ပိုးက၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မဖွဲ့စကောင်း၊ ကိုယ့်လမ်းကြောင်း ကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

■ ကျောဖုံးမှ

ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိ သူများက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ အတွင်းရေးမှူး(၁)သည် ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲတွင် ကြီးကြပ်အကဲဖြတ် အမှတ်ပေးကြသည့် အကဲဖြတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ(၂၀)နှစ်အမျိုးသမီးခေတ်အကြိုက် တေး သီဆိုပြိုင်ပွဲဝင်နေမှုကို ကြည့်ရှုအား ပေးသည်။

အကပြိုင်ပွဲ

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ရေဆင်း တက္ကသိုလ်နယ်မြေရှိ အကပြိုင်ပွဲကျင်းပ သည့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသို့ ရောက်ရှိကြပြီး (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ်အမျိုးသားအကပြိုင်ပွဲကို ကြည့်ရှု အားပေးကြသည်။

စန္ဒရားအတီးပြိုင်ပွဲ

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ရေဆင်း တက္ကသိုလ်နယ်မြေရှိ စန္ဒရားအတီးပြိုင်ပွဲ ကျင်းပသည့် သစ်တော သုတေသနဌာန စုဝေးခန်းမသို့ ရောက်ရှိပြီး ဝါသနာရှင် (ဒုတိယတန်း) အမျိုးသားစန္ဒရား အတီး ပြိုင်ပွဲတွင် ''စိန်ကြောင်နီလာ'' (ပတ်ပျိုး) သီချင်းဖြင့် ပြိုင်ပွဲဝင်များ၏ တီးခတ် ပြိုင်ပွဲဝင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ရေဆင်း တက္ကသိုလ်နယ်မြေရှိ ဒိုးပတ်အတီးပြိုင်ပွဲ ကျင်းပသည့် စိုက်ပျိုးရေးသုတေသနစုဝေး ခန်းမသို့ သွားရောက်ပြီး ဝါသနာရှင်(ဒုတိ ယတန်း)အမျိုးသားအဖွဲ့လိုက်ဒိုးပတ်အတီး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

လိုအပ်သည်များမှာကြား

ယနေ့နံနက်ပိုင်းတွင် အတွင်းရေးမှူး (၁)သည် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင် များနှင့် ပါဝင်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲ

ဝင်များအတွက် နေပြည်တော်ရှိ ရွာတော် အမှတ်(၇) တည်းခိုရေးစခန်း၌ ဖွင့်လှစ် ရောင်းချလျက်ရှိသည့် စားသောက်ဆိုင်ခန်း များ၊ အရောင်းဆိုင်ခန်းများနှင့် စားရိပ်သာ တို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည် တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်နှင့် ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆို နေရာချထားရေး ဆပ်မကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်း ဌေးတို့က လိုက်လံရှင်းလင်းပြသပြီး အတွင်း ရေးမှူး(၁)က လိုအပ်သည်များကို မှာကြား သည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့ လူငယ်အားမာန် မိုးယံဆီသို့ ပြဇာတ် ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၁၉

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ **''လူငယ်အားမာန်မိုးယံဆီသို့''** ပြဇာတ်ပြိုင်ပွဲကို ယနေ့ညနေ ၆နာရီခွဲတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း ကိုယ်စားပြုပြဇာတ်အဖွဲ့က ဆက်လက်ယှဉ်ပြိုင်တင်ဆက်သည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်နှင့် ဇနီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင် များ၊ တာဝန်ရှိသူများ၊ မြန်မာ့ယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

ယှဉ်ပြိုင်တင်ဆက်

စစ်ကိုင်းတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် ဒါရိုက်တာမြင့်နိုင်၊ တွဲဖက်ဒါရိုက်တာ အောင်သင်း၊ ဂီတမှူး စန္ဒရားသန်းနိုင်ဦး၊ ခေါင်းဆောင်မင်းသားချမ်းချမ်း၊ ခေါင်းဆောင် မင်းသမီး သော်သော်ဇင်နှင့် ဇာတ်ပို့ဇာတ်ရံများက ပါဝင်သရုပ်ဆောင် ယှဉ်ပြိုင်တင်ဆက် ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အခြေခံ ဓာတုဗေဒ

မူမှန်ရှေးရှု ယဉ်ကျေးမှု

အင်္ဂမအကြိမ် ပြည်နယ်နှင့်တိုင်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲဖွင့်

ရန်ကုန် အောက်တိုဘာ ၁၉

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့ ပူးပေါင်း၍ကျင်းပသော အင်္ဂမအကြိမ် ပြည်နယ်နှင့်တိုင်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ APEX စနူကာစင်တာတွင် အောက်တိုဘာ ၁၈ရက် ညနေ၄နာရီက ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်မောင်ဝင်းနှင့် အလုပ်အမှုဆောင်များ၊ ပြိုင်ပွဲဝင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ အုပ်ချုပ်သူများနှင့် အားကစားသမားများ တက်ရောက် ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးက ကျူတံထိုး၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ပြိုင်ပွဲကို အောက်တိုဘာ ၂၄ရက်အထိ နေ့စဉ်နံနက် ၉နာရီခွဲမှ ညနေ ၆နာရီအထိ ကျင်းပလျက်ရှိသည်။ **(မြန်မာ့အလင်း)**

● *ကျောဖုံးမှ*

လော့အိန်ဂျလိစ်တက္ကသိုလ်မှ ဆေးပညာ သုတေသန သိပ္ပံပညာရှင်များက ပြော ကြားသည်။

ယင်းလေ့လာ တွေ့ရှိချက်ကြောင့် အသက်အရွယ်ရလာသူများ မှတ်ဉာဏ် စွမ်းအားကျဆင်းလာချိန်တွင် အင်တာနက် အသုံးပြုခြင်းဖြင့် မှတ်ဉာဏ်စွမ်းအားကို ပိုမိုကောင်းမွန်လာနိုင်ကြောင်း အဆိုပါ သုတေသနပညာရှင်များက ပြောကြား သည်။

မှတ်ဉာဏ်

အသက်အရွယ်ရလာသူများသည် ဦးနှောက်ကျုံ့သွားခြင်းကြောင့် မှတ်ဉာဏ် စွမ်းအား ကျဆင်းသွားလေ့ ရှိသည်။ အင်တာနက်တွင် ဉာဏ်စမ်းပဟေဠိကဲ့သို့ လေ့လာစရာများကို ကြည့်ရှုလေ့လာ အသုံးပြုပေးခြင်းဖြင့် ဦးနှောက်စွမ်းအား ကို ပို၍ကောင်းမွန်စေနိုင်ကြောင်း အမေ ရိကန်ဆေးဂျာနယ် တစ်စောင်၌ ရေးသား ဖော်ပြသည်။

တိုးတက်မှု

ကွန်ပျူတာ အသုံးချနည်းပညာများ တိုးတက်လာခြင်းကြောင့် လူလတ်ပိုင်း နှင့် အသက်အရွယ် ရလာသူများအတွက် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများရရှိလာ နိုင်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဂါရီစမောက ပြောကြားသည်။

တိုးတက်စေ

အင်တာနက် အသုံးပြုပေးခြင်းဖြင့် ဦးနှောက်လှုပ်ရှားမှု သွက်လက်မြန်ဆန် လာပြီး ဦးနှောက်မှတ်ဉာဏ်စွမ်းအားကို တိုးတက်စေနိုင်သည်ဟု ဆိုသည်။

(အင်တာနက်)

မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာနိုင်

ရန်ကုန် အောက်တိုဘာ ၁၉

အောက်တိုဘာ ၁၉ရက်က မြန်မာနိုင်ငံ၏ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်း၌ နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ပဲခူးတိုင်းနှင့်တနင်္သာရီတိုင်း တို့၌ နေရာကျဲကျဲမိုးရွာခဲ့သည်။ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းခဲ့သည်။

အောက်တိုဘာ ၁၉ရက်က ရှာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

ဟင်္သာတ	၂	ဒသမ	၀၁	လက်မ
ရန်ကုန်(မြို့လယ်)	၁	ဒသမ	၂၆	လက်မ
ကိုကိုးကျွန်း	၁	ဒသမ	၂၆	လက်မ
ဖျာပုံ	၀	ဒသမ	၇၉	လက်မ

အောက်တိုဘာ ၂၀ရက်နေ့ (**ယနေ့**) ပြည်နယ်နှင့်တိုင်းများ၏ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ဧရာဝတီတိုင်းတွင် နေရာစိပ်စိပ် မိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာနိုင်သည်။ ကချင် ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင် သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ ကျန်ပြည်နယ်နှင့်တိုင်းများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေမည်ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့်တောင်ပိုင်း တို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ် အနည်းငယ်ဖြစ်ထွန်းလျက်ရှိသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ် သည်။

အောက်တိုဘာ ၂၀ရက် (**ယနေ့**) နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ နေရာ ကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကာ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ကိုးကားချက်-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

အီရတ်တွင် အမေရိကန်တပ်များ ဆက်ရှိနေခြင်းကို လက်မခံနိုင် ဘဂ္ဂဒက်၌ အမေရိကန်တို့အား ပြည်သူသန်းချီ၍ ဆန့်ကျင်ဆန္ဒပြ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ အမေရိကန်တပ်များ အီရတ်တွင် တပ်စွဲထားမှု အချိန်ကြာမြင့်စေသည့် စာချုပ်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည့် အီရတ်ပြည်သူများအား အောက်တိုဘာ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက် အောက်တိုဘာ ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အမေရိကန်တပ်များအီရတ်တွင်တပ်စွဲထားမှုကို အချိန်ကြာမြင့်စေမည့်စာချုပ်အား ဆန့်ကျင်သောအားဖြင့် အောက်တိုဘာ ၁၈ရက်က အယ်လ်ဆာဒါ ထောက်ခံသူပြည်သူများက ဘဂ္ဂဒက်မြို့လမ်းများပေါ်တွင် ချီတက်ဆန္ဒပြခဲ့ကြသည်။

ကန့်ကွက်

အီရတ်၌ အမေရိကန်နှင့် အပေါင်းပါများ ဆက်လက်ရှိနေခြင်းကို သန်းချီသော ပြည်သူများက ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ အီရတ်နှင့်အမေရိကန်တို့အကြား ကာလရှည် လုံခြုံရေး သဘောတူစာချုပ်ကိုလည်း ကန့်ကွက်ခဲ့ကြသည်။

အဆိုပါ ချီတက်ဆန္ဒပြပွဲတွင် ဆွန်နီ၊ ကာ့ဒ်၊ ခရစ်ယာန် ဘာသာဝင်များလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

ကြွေးကြော်

အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြသူများသည် ဘဂ္ဂဒက်မြို့ ဆာဒါးစီးတီးမှ အယ်လ်-မွတ်ဖာရင်ပြင်သို့ချီတက်ခဲ့ကြခြင်း ဖြစ်သည်။ ဆန္ဒပြသူများက အီရတ်အလံများနှင့် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သည့် ဆိုင်းဘုတ်များ ကိုင်ဆောင်ထားကြသည်။

အမေရိကန်နှင့် အီရတ်အစိုးရတို့သည် ၂၀၀၈ခုနှစ်နောက်ပိုင်း နိုင်ငံခြားတပ်များ ဆက်လက်ချထားရေးအတွက် လုံခြုံရေးစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးရန် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

အမေရိကန်သမ္မတဘုရှ်နှင့် အီရတ်ဝန်ကြီးချုပ် မာလီကီတို့သည် ၂၀၀၇ခုနှစ် ဒီဇင်ဘာလက မူဘောင်သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးထားသည်။

ခွင့်ပြုလိမ့်မည်မဟုတ်

ယင်းကြေညာချက်အရ ၂၀၀၈ခုနှစ်နောက်ပိုင်း အီရတ်ပါလီမန်၏ ခွင့်ပြုချက်မရဘဲ နိုင်ငံခြားတပ်များ ဝင်ရောက်ခြင်းကို ခွင့်ပြုလိမ့်မည်မဟုတ်ဟု ဆိုထားသည်။

အမေရိကန်တပ်များ အီရတ်၌ ဆက်လက်၍ တပ်ဖြန့်ချထားရေးသည် ကုလသမဂ္ဂ၏ လုပ်ပိုင်ခွင့် အခွင့်အလမ်းပေါ်တွင် မူတည်နေသည်။ **(အင်တာနက်)**

အမေရိကန် ဥပဒေ အတိုင်ပင်ခံအဖွဲ့ရုံး ပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး လေးဦးဒဏ်ရာရရှိ

ဝါရှင်တန် အောက်တိုဘာ ၁၉

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် ဒါလ်တန်မြို့ရှိ ဥပဒေရေးရာ အတိုင်ပင်ခံအဖွဲ့ အဆောက်အအုံ၌ အောက်တိုဘာ၁၇ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့သဖြင့် အနည်းဆုံးလေးဦး ဒဏ်ရာရသွားသည်။

ဖောက်ခွဲရေးပစ္စည်းပစ်သွင်း

အဆိုပါ ဥပဒေရေးရာအတိုင်ပင်ခံအဖွဲ့ အဆောက်အအုံအနီး ဖြတ်မောင်းသွားသည့် မော်တော်ယာဉ်ပေါ်မှ တစ်စုံတစ်ဦးက ဖောက်ခွဲရေးပစ္စည်းကို ပြတင်းပေါက်အတွင်းသို့ ပစ်သွင်းသွားသည်ဟု ဆိုသည်။

ရဲတပ်ဖွဲ့ကစစ်ဆေး

ဒဏ်ရာရသူလေးဦးကို ဒါလ်တန်မြို့ ဟာမီလ်တန်ဆေးရုံသို့ တင်ပို့လိုက်ပြီး ဖမ်းမိသူတစ်ဦးအား ရဲတပ်ဖွဲ့က စစ်ဆေးနေသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၄၁၈၅ဦး ရှိပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၁၉

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်တွင်ဖြစ်ပွားသော တိုက်ခိုက်မှုတစ်ရပ်၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က အောက်တိုဘာ ၁၇ရက်တွင် သတင်းထုတ်ပြန်သည်။

ဒုံးကျည်ဖြင့် ပစ်ခတ်

ယင်းဖြစ်ရပ်မှာ အီရတ်-အီရန်နယ်စပ်အနီးတွင် အောက်တိုဘာ ၁၆ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သမားများနှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ခဲ့ခြင်းမျိုးမဟုတ်ဘဲ အဝေးမှ ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အပေါင်းပါတပ်ဖွဲ့ဝင်များ

၂၀၀၃ခုနှစ် မတ်လမှစတင်၍ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ စတင်ဝင်ရောက် တိုက်ခိုက်ချိန်မှစ၍ ယနေ့အထိ အီရတ်တွင် သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၁၈၅ဦး ရှိသွားပြီဖြစ်သည်။ သေဆုံးသူများအနက် ၃၃၈၅ဦးမှာ တိုက်ပွဲများအတွင်း သေဆုံးခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ပါကစ္စတန် လေတပ် လေကြောင်းမှပစ်ခတ် တာလီဘန် ၆၀သေဆုံး

ဆဝပ်ဇေလီ အောက်တိုဘာ ၁၉

ပါကစ္စတန်တပ်များက ယင်းနိုင်ငံ အနောက်မြောက်ပိုင်းရှိ တာလီဘန်လေ့ကျင့်ရေးစခန်းနှစ်ခုပေါ်သို့ လေကြောင်းမှ တိုက်ခိုက်ခဲ့ကြသဖြင့် အနည်းဆုံး တာလီဘန် ၆၀ သေဆုံးခဲ့သည်။

ထိုးစစ်ဆင်

ဆဝပ်တောင် ကြား၌ တာလီဘန်များ ပြန်ပေးဆွဲထားသည့် တရုတ်အင်ဂျင်နီယာ တစ်ဦးအား ပြန်လည် တွေ့ရှိခဲ့ပြီးနောက် ပါကစ္စတန်တပ်များက ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

အစိုးရ ဂျက်တိုက်လေယာဉ်များက တာလီဘန်တပ်စခန်းနှစ်ခုအပေါ် ဝဲပျံလျက် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ပါကစ္စတန် စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်၏ လုံခြုံရေးအခြေအနေ တည်ငြိမ်မှုမရှိ မိုဆူးလ်၌ တစ်ရက်အတွင်း ဗုံးသုံးလုံးပေါက်ကွဲ

ဘဂ္ဂဒက် အောက်တိုဘာ ၁၉

အီရတ်နိုင်ငံအတွင်း လုံခြုံရေးအခြေအနေမှာ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဗုံးပေါက်ကွဲမှုနှင့် ပစ်ခတ်တိုက်ခိုက်မှုများမှာ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ အောက်တိုဘာ ၁၇ ရက်က မိုဆူးလ်မြို့တစ်မြို့တည်း၌ပင် လမ်းဘေးဗုံးသုံးလုံးပေါက်ကွဲခဲ့ရာ နှစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိသွားခဲ့သည်။

ထိမှန်ပေါက်ကွဲ

မိုဆူးလ်မြို့လယ်ရှိ လမ်းမကြီးပေါ်တွင် ပထမလမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ အရပ်သားတစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားခဲ့သည်။ မိုဆူးလ်မြို့အရှေ့ပိုင်းတွင်လည်း အီရတ်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့်ယာဉ်အား လမ်းဘေးဗုံး ထိမှန်ပေါက်ကွဲခဲ့သဖြင့် အီရတ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိသွားခဲ့သည်။

ဒဏ်ရာရရှိ

တတိယမြောက် လမ်းဘေးဗုံးမှာ မိုဆူးလ်မြို့မြောက်ပိုင်း၌ လုံခြုံရေးကင်းလှည့်လာသည့် ရဲတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းပေါက်ကွဲ မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားသုံးဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။ ယင်းနေ့၌ပင် ဘဂ္ဂဒက်မြို့အနောက်ဘက် ဖလူးဂျာမြို့အနီး ဆာကွာဝီကျေးရွာ၌ ရဲတပ်ဖွဲ့ဝင် များအား လမ်းဘေးဗုံးထောင် တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။

ရှာဖွေတွေ့ရှိ

ထို့ပြင် ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက် အယ်လ်ရှပ်ဘ်ဒေသတွင်လည်း လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် အရပ်သားတစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားခဲ့ကြောင်း၊ ကွတ်ပြည်နယ်တွင်လည်း သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးကို ရဲတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ပျက်စီး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် ကားတစ်စီးကို တွေ့မြင်ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အသေခံဗုံးခွဲမည့်သူအား အီရတ်ရဲ ပစ်သတ်ခဲ့

ဆာလာအာဒင် အောက်တိုဘာ ၁၉

အီရတ်နိုင်ငံ ဆာလာအာဒင်ပြည်နယ်၌ အသေခံဗုံးခွဲတိုက်ခိုက်မည့် အမျိုးသမီးတစ်ဦးအား ဗုံးခွဲတိုက်ခိုက်ခြင်းမပြုမီ အီရတ်ရဲက သေနတ်ဖြင့် ပစ်သတ်လိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ အသေခံဖောက်ခွဲ တိုက်ခိုက်ရေးသမား အီရတ်အမျိုးသမီးသည် ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၉၀အကွာ အယ်ဒါလွိုက်ယားမြို့၌ လုံခြုံရေးဂိတ်အနီး ဖောက်ခွဲတိုက်ခိုက်ရန် ပြင်ဆင်နေချိန်အတွင်း ရဲတပ်ဖွဲ့က ပစ်သတ်ခဲ့ခြင်း ဖြစ်သည်။

ယင်းအမျိုးသမီး၏ ခန္ဓာကိုယ်တွင် ဖောက်ခွဲရေးပစ္စည်းများ ပတ်ထားကြောင်း ဒုတိယဗိုလ်မှူးကြီး မိုဟာမက်ခါလစ်က ပြောကြားသည်။ အမေရိကန်တို့ အီရတ်ကို ကျူးကျော်ခဲ့ပြီးနောက် ယင်းဒေသသည် စစ်မြေပြင်စစ်တလင်းဖြစ်ခဲ့ရပြီး ပြည်သူများမှာလည်း ကျီးလန့်စာစားဖြစ်နေရသဖြင့် ဒုက္ခမျိုးစုံ ကြုံတွေ့ခံစားနေကြရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

20-10 (04).pmd 1 10/20/2008, 2:37 AM

အားလုံးကို ကျေးဇူးတင်

“ကျွန်တော်တို့ မြို့နယ်ကို အဘက်ဘက်က ပံ့ပိုးပေးကြတဲ့ ပြည်တွင်း ပြည်ပ စေတနာရှင် အလှူရှင်တွေကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်”

ဦးစိုးသိန်း
(ဉက္ကဋ္ဌ)
ဘိုကလေးမြို့နယ်
အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ

● *ရှေ့ဖုံးမှ*

အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအခြေအနေနှင့် စပ်လျဉ်းပြီး လေ့လာသိရှိလို၍ ဘိုကလေးမြို့ရှိ ဦးကျော်သန်း- ဒေါ်သီတာလွင်တို့၏ ငါး၊ ပုစွန်ဒိုင်သို့ သွားရောက်ခဲ့ရာ ဦးကျော်သန်းက **“ရေလုပ်ငန်းပိုင်းမှာ ဆုံးရှုံးမှုတွေရှိခဲ့ပေမယ့် အောက်ခြေရေလုပ်သားတွေကို နိုင်ငံတော်နဲ့ ပြည်တွင်း၊ ပြည်ပ စေတနာရှင်တွေက ထောက်ပံ့ပေးခဲ့ကြတဲ့အတွက် မုန်တိုင်း တိုက်ပြီး တစ်လအကြာမှာပဲ ပုံမှန်လုပ်ငန်းတွေ စတင်နိုင်ခဲ့ကြပါ တယ်။ ကျွန်တော်တို့နဲ့ ဆက်စပ်တဲ့ ရေလုပ်သားတွေကို ကျွန်တော်တို့ တတ်နိုင်သမျှ ထောက်ပံ့ပေးခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဒိုင်က မုန်တိုင်းအပြီး ရက်၂၀အတွင်းမှာပဲ ရွက်ဖျင်တဲထိုးပြီး ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။**

လက်ရှိ ရေချိုပုစွန်တုပ်၊ ကကတစ်၊ ငါးသလောက်၊ ငါးပုဏ္ဏားနဲ့ ပုစွန်ဖော့ချိတ်တွေ အဝင်များပါတယ်။ ရေထရက်ဆိုရင် ပိဿာ ၅၀ နဲ့၆၀ ကြားရှိ ပုံးပေါင်း ၁၄လုံး၊ ၁၅လုံးလောက် ဝင်ပါတယ်”ဟု ရှင်းလင်းပြောကြားသည်။

ထောက်ပံ့ပေး

ထို့နောက် ဘုရားကျောင်းကျေးရွာရှိ တောင်သူ ဦးကြည်စိုး ၏ လယ်ယာမြေသို့ သွားရောက်ခဲ့ရာ ဦးကြည်စိုးက “ကျွန်တော့်လယ်က ၁၄ဧကရှိပြီး သီးထပ်ရင်စပါးတွေ စိုက်ပျိုး ထားပါတယ်။ နိုင်ငံတော်က မျိုးစပါးတစ်ဧက နှစ်တင်းနှုန်း အပြင် ထွန်ယက်ဆီ၊ ဓာတ်မြေသြဇာတွေကိုပါ ထောက်ပံ့ပေးပါ တယ်။ အရင်က တစ်ဧကကို တင်း ၅၀နှုန်းသာ ထွက်ခဲ့ပေမယ့် အခုအသီးကို **အားပေးစေတဲ့ ဓာတ်မြေသြဇာတွေကို နိုင်ငံတော်က ထောက်ပံ့ပေးတဲ့အတွက် အခုနှစ်မှာ တစ်ဧကကို တင်း ၈၀နှုန်း ထွက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်၊ စပါးမပေါ်မီအတွက်လည်း စားဝတ်နေရေး အခက်အခဲမရှိအောင် နိုင်ငံတော်က ဆန်နဲ့ လိုအပ်တဲ့ စားနပ်ရိက္ခာတွေ ထောက်ပံ့ပေးလို့ နောက်ဆံမငင်ရဘဲ လယ်ယာလုပ်ငန်းကို ဇောက်ချလုပ်နိုင်ကြပါတယ်”**ဟု ပြောကြား သည်။

နိုင်ငံတော်နှင့်ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းမှုနှင့် စပ်လျဉ်း၍ ဘိုကလေးမြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် တွေ့ဆုံ မေးမြန်းခဲ့ရာ **“မြို့နယ်အတွင်းမှာရှိတဲ့ လေဘေးသင့် အုပ်စုများ အလိုက် ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ၁၃စုတို့အတွက် လူနေအိမ် ၈၀၆၄လုံး ဆောက်လုပ်ပေးလျက်ရှိပါတယ်။ ကြိမ်ချောင်းကြီး၊ စက်ဆန်း၊ ဒေါင့်ကြီး၊ သဲချောင်း၊ ဧရာ (အနောက်ရေကျော်ကြီး) နဲ့ ကဒုံကနီ(ရွှေစာရံ)စတဲ့ ကျေးရွာအုပ်စုတွေမှာ တိုင်းရင်းသား လုပ်ငန်းရှင်တွေက လူနေအိမ် ၇၅၀ကျော် ဆောက်လုပ်လှူဒါန်း ထားပါတယ်။**

လယ်ယာကဏ္ဍ

လယ်ယာကဏ္ဍအနေနဲ့ မျိုးစပါး ၂၃၄ဒသမ၈၃တင်း၊ လက်တွန်းထွန်စက် ၁၃၈၈စီးလိုမယ်လို့ တွက်ထားခဲ့ပါတယ်။ မျိုးစပါး အလုံအလောက် ရရှိခဲ့ပါတယ်။ လက်တွန်းထွန်စက်အနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ၁၄၂၂စီး၊ သစ်တောရေးရာဝန်ကြီးဌာနက အစီး ၇၀၀၊ ပြည်တွင်း ပြည်ပ စေတနာရှင် အလှူရှင်တွေက အစီး၁၂၀၀ကျော် စသဖြင့် လက်တွန်း ထွန်စက်အစီး ၃၀၀၀ကျော် ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။ လက်တွန်းထွန်စက် လိုတာထက် နှစ်ဆကျော် ထောက်ပံ့ပေးနိုင် ခဲ့ပါတယ်။ အရင်ကဆို ကျွဲနွားနဲ့ ထွန်ယက်ကြတာများပါတယ်။ အခုဆိုရင် စက်မှုလယ်ယာခေတ်ကို တစ်ခေတ်ပြောင်း ထူထောင်နိုင် နေပါပြီ။ ဓာတ်မြေသြဇာတွေလည်း ဖြန့်ဖြူးပေးနိုင်တဲ့အတွက် အထွက်နှုန်းကို ပိုပြီးအထောက်အပံ့ဖြစ်စေပါလိမ့်မယ်။ ဒါ့အပြင် ထွန်ယက်ဆီ ၂၈၃ဒသမ၅၂၇ ဂါလန်၊ ကျွဲနွား စုစုပေါင်း ၆၇၅ ကောင်လည်း ထောက်ပံ့ပေးခဲ့ပါတယ်။

ဒါကြောင့် ယခုနှစ် စပါးလျာထား ဧက ၂၆၁ဒသမ၀၁၂ ဧကသာရှိခဲ့သော်လည်း ၂၉၁ ဒသမ ၈၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး

“နိုင်ငံတော်နဲ့ ပြည်တွင်း ပြည်ပစေတနာရှင်တွေက ထောက်ပံ့ပေးခဲ့ကြတဲ့အတွက် မုန်တိုင်းတိုက်ပြီး တစ်လ အကြာမှာပဲ ပုံမှန်လုပ်ငန်းတွေ စတင်နိုင်ခဲ့ကြပါတယ်”

ဦးကျော်သန်း(ငါးပုစွန်ရောင်းဝယ်ရေး)

ရာခိုင်နှုန်းအားဖြင့် ၁၁၁ ဒသမ၆၇ ရှိပါတယ်။ ထို့အပြင် ငါးဖမ်း လှေပေါင်း ၈၆၈ စင်းနဲ့ ငါးဖမ်းပိုက် ၁၈၃၇ ဖုံ ဖြန့်ခွဲထောက်ပံ့ ပေးနိုင်တဲ့အတွက် ရေလုပ်ငန်းတွေလည်း ပုံမှန်အတိုင်း လည်ပတ် နိုင်ခဲ့ပါတယ်။ ရေလုပ်သားတွေအနေနဲ့ မုန်တိုင်းမတိုင်မီ ကာလကထက် ငါး၊ ပုစွန်တွေ ပိုမိုဖမ်းဆီးရမိနေတယ်လို့ သိရ ပါတယ်။ သူတို့ကိုလည်း စားနပ်ရိက္ခာ မပူပင် မကြောင့်ကြရ အောင် ထောက်ပံ့ပေးထားပါတယ်။

အခိုင်အမာ

နိုင်ငံတော်၊ သစ်တောရေးရာဝန်ကြီးဌာနနဲ့ တိုင်းရင်းသား လုပ်ငန်းရှင်အဖွဲ့တွေက မြို့ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတဲ့အတွက် မြို့အင်္ဂါရပ်နဲ့အညီ ပြန်လည်ဖွံ့ဖြိုးလာပါပြီ။ စာသင်ကျောင်းတွေလည်း အမြန်ဆုံး ပြုပြင်မွမ်းမံ တည်ဆောက်နိုင်ခဲ့လို့ ပညာသင်နှစ်အမီ ကျောင်းတွေ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ယခု ပွင့်လင်းရာသီမှာ ယာယီစာသင် ကျောင်းအချို့ကို အခိုင်အမာကျောင်းများအဖြစ် ပြန်လည် ဆောက်လုပ်ပေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံး ပုံမှန်လုပ်ငန်းများ ပြန်လည်ပတ် နိုင်နေပါပြီ။ ဆက်လက်ပြီး အားကြိုးမာန်တက် ဆောင်ရွက်နေပါ တယ်။ ကျွန်တော်တို့မြို့နယ်ကို အဘက်ဘက်က ပံ့ပိုးပေးကြတဲ့ ပြည်တွင်း ပြည်ပ စေတနာရှင် အလှူရှင်တွေကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်” ဟု ရှင်းလင်းပြောကြားသည်။

တစ်မျှော်တစ်ခေါ်

မိမိတို့ ဘိုကလေးမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ လမ်းဘေးဝဲယာတစ်လျှောက်တွင် စိမ်းစိုသောစပါးခင်းများကို တစ်မျှော်တစ်ခေါ် တွေ့မြင်ရသည်။

သီးကင်းလိုက်စ စပါးခင်း တစ်မျှော်တစ်ခေါ်ကို ကြည့်ရှု ငေးမောရင်း အနီးအနားရှိ တောင်သူများနှင့် စကားလက်ဆုံ ကျခဲ့ရာ တောင်သူအချို့က **“ကျွန်တော်တို့ ရောဝတီသားတွေ**

“နိုင်ငံတော်က ဆန်နဲ့ လိုအပ်တဲ့ စားနပ်ရိက္ခာတွေ ထောက်ပံ့ပေးလို့ နောက်ဆံမငင်ရဘဲ လယ်ယာလုပ်ငန်းကို ဇောက်ချလုပ်နိုင်ကြပါပြီ”

တောင်သူဦးကြည်စိုး(ဘုရားကျောင်းကျေးရွာ)

ဟာ ရောဝတီမြေမှာပဲနေ ရောဝတီရေကို သောက်ပြီး ကြီးပြင်း လာကြသူများပီပီ လယ်ယာစိုက်ပျိုးရေးဟာ ကျွန်တော်တို့ရဲ့ ဘဝပါပဲ။ အချို့က မုန်တိုင်းတိုက်ပြီး လယ်တွေမှာ စပါး ပြန်စိုက်လို့ မရဘူးဆိုပြီး ပြောခဲ့ကြပါတယ်။ ဒါဟာမမှန်ပါဘူး။ ကျွန်တော်တို့အားလုံး ကြိုးစားခဲ့ကြလို့ စပါးခင်းတွေ အောင်မြင် ဖြစ်ထွန်းနေတာ အားလုံးအတွေ့ပါပဲ။ မြစ်ဝကျွန်းပေါ်ဒေသမှာ ချောင်း၊ မြောင်းတွေက ပေါများတာမို့ စိုက်ပျိုးရေးအတွက် ကတော့ ပူစရာမလိုပါဘူး”ဟု ရွှင်လန်းတက်ကြွမှုအပြည့်ဖြင့် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

လေဘေးသင့်ပြီး ရက်ပိုင်းအတွင်းက ဘိုကလေးမြို့ရှိ ကျေးရွာအနှံ့ကို တပ်မတော်ရဟတ်ယာဉ်ဖြင့် ထောက်ပံ့ရေး ပစ္စည်းများ ပေးပို့သည့်ခရီးစဉ်သို့ မိမိလိုက်ပါခွင့်ရခဲ့စဉ်က တွေ့မြင်ခဲ့ရသည့် မြင်ကွင်းကို ပြန်ပြောင်းသတိရမိပေသည်။ ထိုစဉ်က ရေအတိလွှမ်းခဲ့သော လယ်မြေများတွင် ယခုအခါ သီးကင်းလိုက်စ စပါးခင်းများနှင့် မြင်ကွင်းပြောင်းလဲသွားသည်။ လဲပြိုနေသော လူနေအိမ်များနေရာတွင် အခိုင်အမာအိမ်ရာများ ဖြစ်ပေါ်လာပေပြီ။

ရှုမငြီးဖွယ်

နိုင်ငံတော်၏ မေတ္တာ၊ ကရုဏာတို့ကြောင့် ရောဝတီတိုင်း လေဘေးသင့်ဒေသများသည် ယခင်ကထက် ပိုမို ဖွံ့ဖြိုး တိုးတက်လာခဲ့ပေသည်။ သားသမီးတို့အပေါ်ထားရှိသော မိဘ၏ မေတ္တာ၊ ကရုဏာတို့ကဲ့သို့ နိုင်ငံတော်၏ ပြုစုစောင့်ရှောက်မှု တို့ကြောင့် တိုးတက်စည်ပင်လာသည့် ဘိုကလေးမြို့မြင်ကွင်းကား ကျေနပ်ဖွယ်၊ အားရဖွယ်၊ ရှုမငြီးဖွယ်အတိ မြင်ကွင်းများပင် ဖြစ်ပါတော့သည်။ ။

ဘိုကလေး အထက

ဘိုကလေးမြို့နယ်ရှိအမှတ် (၂) အခြေခံပညာ အထက်တန်း ကျောင်းကို ဤသို့ တွေ့ရသည်။

ရောဝတီသားတွေဟာ ရောဝတီမြေမှာပဲနေ ရောဝတီရေကိုသောက်ပြီး ကြီးပြင်းလာကြသူများပီပီ လယ်ယာစိုက်ပျိုးရေးဟာ ကျွန်တော်တို့ရဲ့ ဘဝပါပဲ။ အချို့က မုန်တိုင်းတိုက်ပြီး လယ်တွေမှာ စပါးပြန်စိုက်လို့ မရဘူးဆိုပြီး ပြောခဲ့ကြပါတယ်။ ဒါဟာ မမှန်ပါဘူး။ ကျွန်တော်တို့ အားလုံး ကြိုးစားခဲ့ကြလို့ စပါးခင်းတွေ အောင်မြင် ဖြစ်ထွန်းနေတာ အားလုံးအတွေ့ပါပဲ။

ဦးကျော်သန်း-ဒေါ်သီတာလွင်တို့၏ ငါး၊ ပုစွန်ဒိုင်မှ ငါး၊ ပုစွန်များ တင်ပို့ရန်ပြင်ဆင်နေသည့် လုပ်ငန်းခွင်ကို ဤသို့ တွေ့ခဲ့ရသည်။

နှုတ်တက်ရရှုဖွင့်ဆိုကြသည့် အနုပညာရှင်တို့ ဆိုစကားများ

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ   ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)   စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

နေပြည်တော် အောက်တိုဘာ ၁၉ ဖက်(စ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကား နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေ၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပနေဆဲ....။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်မောင်မယ်များ၊ အကဲဖြတ်ဒိုင်အဖြစ် ကြီးကြပ်ဆောင်ရွက်ပေးနေကြသော နိုင်ငံကျော်အနုပညာရှင်ကြီးများနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ရပါသည်။

ဦးစိန်မာဒင် (အကအကဲဖြတ်အဖွဲ့ ဗဟိုဒိုင်ဥက္ကဋ္ဌ)

မေး။ ။ဘဘ အသက်ဘယ်လောက်ရှိပါပြီလဲ။

ဖြေ။ ။၇၄နှစ် ပြည့်ခဲ့ပြီပေါ့။

မေး။ ။အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့တဲ့ အကြိမ်အရေအတွက် များနေပြီလား ဘဘ။

ဖြေ။ ။ဒီပြိုင်ပွဲကြီး စတင်ကျင်းပကတည်းကဆိုတော့ (၁၆) ကြိမ် ရှိခဲ့ပြီလေ။

မေး။ ။နှစ်တိုင်းအကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့တာဆိုတော့ ပြိုင်ပွဲဝင်တွေ အခြေအနေအပေါ် ဘဘအမြင် ပြောပေးပါဦး။

“အချို့ကလေးတွေဟာ မယုံကြည်နိုင်လောက်အောင် အစွမ်းပြနိုင်ကြတာ တွေ့ရတယ်”
ဒေါ်စိန်ပိုးတီ
(အက အကဲဖြတ်ဒိုင်အဖွဲ့)

ဖြေ။ ။တော်ကြပါတယ်။ ဒီခေတ်ကလေးတွေ အလွန်တော်ကြတယ်။ ဆရာက သင်ပြသမျှ တတ်မြောက်ကြတယ်။ အထူးသဖြင့် ပြည်နယ်နဲ့ တိုင်းက လူငယ်တွေရဲ့ ယှဉ်ပြိုင်မှုက အံ့သြစရာပါ။

မေး။ ။ဒီပြိုင်ပွဲကြီးအပေါ် ဘဘရဲ့ခံယူချက် သိပါရစေ။

ဖြေ။ ။ဒို့ရဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အရှည်တည်တံ့အောင် ဆောင်ရွက် ကြိုးစားတဲ့နေရာမှာ အကောင်းဆုံး အကောင်အထည်ဖော်မှုတစ်ရပ်ပေါ့။ နှစ်တိုင်းကျင်းပသင့်ပါတယ်။

မေး။ ။ဘဘရဲ့ လက်ရှိအနုပညာဆောင်ရွက်မှုကို ပြောပြပေးပါဦး။

ဖြေ။ ။မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ အဖြစ် တာဝန်ယူပေးနေပါတယ်။

“ဒီခေတ်ကလေးတွေ အလွန်တော်ကြပါတယ်”
ဦးစိန်မာဒင်
(အက အကဲဖြတ်အဖွဲ့ ဗဟိုဒိုင်ဥက္ကဋ္ဌ)

ဦးမင်းနောင်(ခေတ်ဟောင်း၊ကာလပေါ်ဗဟိုဒိုင်အဖွဲ့ခေါင်းဆောင်)

မေး။ ။ဒီပြိုင်ပွဲမှာ တာဝန်ယူတဲ့အပိုင်းကို သိပါရစေ။

ဖြေ။ ။ခေတ်ဟောင်း၊ ကာလပေါ် အဆိုပြိုင်ပွဲရဲ့ ပြိုင်ပွဲဝင်တွေအပေါ် စနစ်တကျနဲ့ အမှားအယွင်းမရှိအောင် အကဲဖြတ်အမှတ်ပေးရတဲ့အပြင် လိုအပ်ရင် ဒီပြိုင်ပွဲရဲ့ အခမ်းအနားမှူးအဖြစ်လည်း တာဝန်ယူပေးရပါတယ်။

“အားရပါးရ ပြိုင်ခဲ့ပါတယ်၊ နောက်နှစ်တွေလည်း ဆက်ပြိုင်သွားပါမယ်”
မအိဖြူစင်သန့်
အက(၅-၁၀)နှစ် (ကချင်ပြည်နယ်)

မေး။ ။ဒီပြိုင်ပွဲကြီးအပေါ် ဘဘအမြင် ပြောပြပေးပါဦး။

ဖြေ။ ။ဘဘတို့ လုပ်ရမယ့်အလုပ်ကို နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ပေးနေတာမို့ မျိုးဆက်သစ်အနုပညာရှင်တွေ အဆက်မပြတ်အောင် မွေးထုတ်ပေးနေတဲ့ ပြိုင်ပွဲကြီးလို့ မြင်ပါတယ်။

မေး။ ။ဘဘအသက် သိပါရစေ။

ဖြေ။ ။၇၈နှစ် ရှိပြီလေ။

မေး။ ။ဘဘရဲ့အနုပညာခရီးဖြတ်သန်းမှုလေး ပြောပြပေးပါဦး။

ဖြေ။ ။၁၉၄၇ခုနှစ် အသက် ၁၇နှစ် အရွယ်ကစပြီး သီချင်းဆိုခဲ့တာအခုဆိုရင် အနုပညာသက်တမ်း ၆၁နှစ်ရှိခဲ့ပြီပေါ့။

မေး။ ။နောက်နှစ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာလည်း အဆိုအကဲဖြတ်ဒိုင်အဖြစ် တာဝန်ယူပေးဦးမှာလား။

ဖြေ။ ။ဘဘတို့ အသက်ရှင်နေသရွေ့ တာဝန်ယူဆောင်ရွက်သွားပေးမယ်၊ ဒီတာဝန်ကို ဘဘတို့ ထမ်းဆောင်ရမယ်၊ ကျေပွန်ရမယ့်တာဝန်တစ်ရပ် ဖြစ်တယ်လေ။

“မျိုးဆက်သစ် အနုပညာရှင်တွေ အဆက်မပြတ် ဆောင်ရွက် မွေးထုတ်ပေးနေတဲ့ ပြိုင်ပွဲကြီးလို့ မြင်ပါတယ်”
ဦးမင်းနောင်
(ခေတ်ဟောင်း၊ ကာလပေါ် ဗဟိုဒိုင်အဖွဲ့ခေါင်းဆောင်)

ဒေါ်စိန်ပိုးတီ (အက အကဲဖြတ်ဒိုင်အဖွဲ့ဝင်)

မေး။ ။ဆရာမကြီးရဲ့ အနုပညာ တာဝန်ထမ်းဆောင်မှုလေး သိပါရစေ။

ဖြေ။ ။မန္တလေး ပန်တျာကျောင်း အကနည်းပြပါ။

မေး။ ။ဆရာမကြီးအနေနဲ့ ဒီလိုပြိုင်ပွဲကြီးမှာ အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့တဲ့ အကြိမ်အရေအတွက် ပြောပြပေးပါဦး။

ဖြေ။ ။အသက် ၆၀ပြည့်ပြီ၊ အကဲဖြတ်ဒိုင်အဖြစ်က ဒီပြိုင်ပွဲကြီး စတင်ကတည်းကဆိုတော့ (၁၆)ကြိမ် ရှိပါပြီ။

မေး။ ။ပြိုင်ပွဲဝင်လူငယ်တွေရဲ့ အနုပညာ အရည်အသွေးတွေ တိုးတက်လာရဲ့လား ဆရာမကြီး။

ဖြေ။ ။သိပ်တိုးတက်တာပေါ့ သားရယ်၊ ဒီပြိုင်ပွဲကြီး ကျင်းပလိုက်တာဟာ ဒို့ရဲ့ ရိုးရာယဉ်ကျေးမှုအနုပညာအမွေကို ဆက်ခံနိုင်မယ့်ကလေးတွေ အများကြီးပေါ်ထွက်လာစေတယ်။ တချို့ကလေးတွေဟာ မယုံကြည်နိုင်လောက်အောင် အစွမ်းပြနိုင်ကြတာ တွေ့ရတယ်။

မေး။ ။ပြိုင်ပွဲဝင်တွေကို အကြံပြုချက်လေးရှိရင် ပြောပါဦး။

ဖြေ။ ။လေ့ကျင့်မှုတွေ အဆက်မပြတ်စေချင်ဘူး။ အချိန်ရသမျှ အမြဲလေ့ကျင့်နေပါလို့ ပြောချင်ပါတယ်။

“မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာအတွက် တကယ့်ကို အရေးကြီးတဲ့ ပြိုင်ပွဲကြီးပါပဲ”
ဦးနီနီ
(စန္ဒရားအတီး အကဲဖြတ် ဗဟိုဒိုင်အဖွဲ့ခေါင်းဆောင်)

ဦးနီနီ (စန္ဒရားအတီး အကဲဖြတ် ဗဟိုဒိုင်အဖွဲ့ခေါင်းဆောင်)

မေး။ ။ဘဘ အသက်ဘယ်လောက်ရှိပြီလဲ သိပါရစေ။

ဖြေ။ ။အသက် ၇၀ ပြည့်ခဲ့ပါပြီ။

မေး။ ။စန္ဒရားအတီး အကဲဖြတ်ဒိုင်အဖြစ်ဆောင်ရွက်ခဲ့တာ ပြောပြပေးပါဦး။

ဖြေ။ ။(၁၄)ကြိမ်ရှိပြီပေါ့။ စန္ဒရားအတီးအကဲဖြတ် ဗဟိုဒိုင်အဖွဲ့ခေါင်းဆောင်အဖြစ် လေးကြိမ်ရှိပါပြီ။

မေး။ ။ဒီပြိုင်ပွဲကြီးရဲ့ အကျိုးသက်ရောက်မှု ပြောပြပေးပါဦး။

ဖြေ။ ။ဘဘတို့ အသက်တွေရလာပြီ။ ဘဘတို့ရဲ့ အနုပညာအမွေကို မှန်မှန်ကန်ကန်နဲ့ စနစ်တကျလက်ဆင့်ကမ်းပေးနိုင်မယ့် လူငယ်မျိုးဆက်တွေ မွေးထုတ်ပေးသင့်တဲ့ အချိန်မှာ အခုလို နိုင်ငံတော်အဆင့်ပြိုင်ပွဲကြီး ကျင်းပနိုင်တာဟာ ဝမ်းမြောက်ဂုဏ်ယူစရာပေါ့၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာအတွက် တကယ့်ကို အရေးကြီးတဲ့ ပြိုင်ပွဲကြီးပါပဲ။

မေး။ ။ဘဘရဲ့ အနုပညာဖြတ်သန်းခဲ့မှုတွေလည်း သိပါရစေ။

ဖြေ။ ။ခုနစ်နှစ်အရွယ်မှာစပြီး စန္ဒရားတီး သီချင်းဆိုတယ်၊ ၁၉၆၃ခုနှစ်မှာ ရုရှားနိုင်ငံကို ဂီတပညာနဲ့ပတ်သက်ပြီး ပညာတော်သင် သွားခဲ့ဖူးတယ်၊ အဲဒီမှာ ငါးနှစ်ကြာတယ်၊ မဟာဂီတသီချင်းတွေ အများကြီးဆိုခဲ့ပါတယ်။ လာမယ့်နှစ် ဇူလိုင်လမှာ ပြင်သစ်နိုင်ငံကို အနုပညာနဲ့ ပတ်သက်တဲ့ ခရီးသွားပါဦးမယ်။

မအိဖြူစင်သန့် [အက(၅-၁၀)နှစ် ကချင်ပြည်နယ်ပြိုင်ပွဲဝင်]

မေး။ ။သမီးရဲ့ဇာတိ။

ဖြေ။ ။ကချင်ပြည်နယ်၊ မိုးကောင်းမြို့ကပါ။

မေး။ ။ပြိုင်ပွဲဝင်တဲ့ အကြိမ်။

ဖြေ။ ။ပထမဆုံးအကြိမ် ဖြစ်ပါတယ်။

မေး။ ။အကသင်ပေးတဲ့ ဆရာအမည်က။

ဖြေ။ ။ဆရာ ဦးပြေအေးအောင်ပါရှင့်။

မေး။ ။လေ့ကျင့်ခဲ့တဲ့ အချိန်။

ဖြေ။ ။နေ့တိုင်း လေ့ကျင့်ခဲ့တာပါ။

မေး။ ။အကပြိုင်တော့ အမှားအယွင်းဖြစ်သေးလား။

ဖြေ။ ။မဖြစ်ပါဘူး၊ အားရပါးရပြိုင်ခဲ့ပါတယ်၊ နောက်နှစ်တွေမှာလည်း ဆက်ပြိုင်သွားပါမယ်။

“သမီးက စန္ဒရားအတီးပြိုင်တာပါ၊ ဒီပြိုင်ပွဲနဲ့ဆို နှစ်ကြိမ်ရှိပါပြီ”
မခိုင်ထက်ထက်လင်း
(ဧရာဝတီတိုင်း)

မခိုင်ထက်ထက်လင်း (ဧရာဝတီတိုင်း၊ စန္ဒရားတီးပြိုင်ပွဲဝင်)

မေး။ ။သမီးအသက်။

ဖြေ။ ။ကိုးနှစ်ပါ။

မေး။ ။ဇာတိ။

ဖြေ။ ။ဧရာဝတီတိုင်း ပုသိမ်မြို့ကပါ။

မေး။ ။ပြိုင်ပွဲဝင်တာ ဘယ်နှကြိမ်ရှိပြီလဲ။

ဖြေ။ ။ဒီပြိုင်ပွဲနဲ့ဆို နှစ်ကြိမ်ရှိပါပြီ။

မေး။ ။မနှစ်ကပြိုင်ပွဲမှာ ဆုရခဲ့ဖူးလား။

ဖြေ။ ။ကြေးတံဆိပ်ရရှိခဲ့ပါတယ်။

မေး။ ။ပြိုင်ပွဲဝင်တော့ ကြောက်စိတ်ဝင်သေးလား။

ဖြေ။ ။မနှစ်ကလောက်တော့ မကြောက်တော့ဘူး၊ ဒါပေမယ့် ဆုမရမှာတော့ စိုးရိမ်မိတယ်။

မေး။ ။နောက်နှစ်တွေ ပြိုင်ပွဲဝင်ဦးမှာလား။

ဖြေ။ ။နှစ်တိုင်း ပြိုင်ပွဲဝင်သွားမှာပါရှင်။ ။**(မြန်မာ့အလင်း)**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အောက်တိုဘာ ၂၀ ရက် (ယနေ့)ယှဉ်ပြိုင်မည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၅	၂၀-၁၀-၂၀၀၈ (တနင်္လာနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ မဟာဂီတ အဆို၊ မဟာဂီတ	အဆင့်မြင့်ပညာ(အမျိုးသမီး) အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသား)	၀၉၀၀ ၁၃၀၀
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အက အက ပြဇာတ် ပြဇာတ်	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး) အဆင့်မြင့်ပညာ (အမျိုးသား) လူငယ်အားမာန်မိုးယံဆီသို့ (ပဲခူးတိုင်း) လူငယ်အားမာန်မိုးယံဆီသို့ (ကချင်ပြည်နယ်)	၀၉၀၀ ၁၃၀၀ ၁၈၃၀ ၂၁၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး(စန္ဒရား) အတီး(စန္ဒရား)	အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသား) ဝါသနာရှင်(ပထမတန်း)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး(စောင်း) အတီး(စောင်း) အတီး(စောင်း)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသမီး) အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး(အိုးစည်) အတီး(အိုးစည်)	ဝါသနာရှင်(ပထမတန်း)(အမျိုးသား) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အတီး(ဆိုင်းအဖွဲ့လိုက်) အတီး(ဆိုင်းအဖွဲ့လိုက်)	အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသား) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသား)	၀၉၀၀ ၁၃၀၀
		အမှတ်(၇)တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)	ရုပ်သေး ရုပ်သေး ရုပ်စုံသဘင်အဖွဲ့လိုက်	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး) မဟာဗုဒ္ဓဝင်တောထွက်ခန်း(စစ်ကိုင်းတိုင်း)	၀၉၀၀ ၁၃၀၀ ၁၉၀၀

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် မောင်တောမြို့နယ် အောင်စစ်ပြင်-တောင်ပြိုလက်ဝဲလမ်း၏ ကားလမ်းဖောက်လုပ်မည့် အခြေအနေနှင့် လမ်းအူကြောင်း ရှာဖွေထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၆ရက် နံနက် ၈နာရီ မိနစ် ၂၀က နေပြည်တော်မှ လေကြောင်းခရီးဖြင့်ထွက်ခွာ၍ စစ်တွေမြို့မှတစ်ဆင့် ဘူးသီးတောင်မြို့သို့ရောက်ရှိပြီး ဘူးသီးတောင်မြို့မှ ဘူးသီးတောင်-ကျီးကန်းပြင်-ကြိမ်ချောင်း (အောင်စစ်ပြင်) လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကာ လမ်းဘေးဝဲယာရှိ အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်းများ၊ ရော်ဘာစိုက်ခင်းများနှင့် လမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် မောင်တောမြို့နယ် အောင်စစ်ပြင်ကျေးရွာ ကားလမ်းဆုံ၌ မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်က အောင်စစ်ပြင်-တောင်ပြိုလက်ဝဲလမ်း၏ ကားလမ်းဖောက်လုပ်မည့် အခြေအနေများနှင့် လမ်းအူကြောင်း ရှာဖွေထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် အောင်စစ်ပြင်ကျေးရွာရှိ အောင်မြင်ဖြစ်ထွန်းနေသော မနောသုခ၊ ရတနာအောင်၊ သီးထပ်ရင်နှင့် ကျော်ဇေယျ စပါးစိုက်ခင်းများ၊ ကြိမ်ချောင်းကျေးရွာ ဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ၌ ရောင်းဝယ်ဖောက်ကားမှု အခြေအနေများနှင့် ဆန်အရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း(အောင်စစ်ပြင်)လမ်းအတိုင်း ပြန်လည်ထွက်ခွာလာရာ မောင်တောခရိုင် ဖားဝပ်ချောင်းကျေးရွာသို့ ရောက်ရှိကြပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် ဖားဝပ်ချောင်းကျေးရွာမှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် မောင်တောခရိုင် မောင်တောမြို့ ကျီးကန်းပြင်ကျေးရွာအုပ်စုရှိ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ် အစည်းအဝေးခန်းမသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအုန်းသွင်က မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း(အောင်စစ်ပြင်)လမ်းအခြေအနေများ၊ ၃ မိုင်လမ်းဆုံမှ ကြိမ်ချောင်းအထိ တံတားများ ပြင်ဆင်ဆောင်ရွက်ထိန်းသိမ်းမှု၊ မောင်တော-ကြိမ်ချောင်းလမ်းပေါ်ရှိ တံတားများ၏ အသေးစိတ်အချက်အလက်များ၊ ပြင်ဆင်ဆောင်ရွက် ပြုပြင်ရမည့် တံတားများ၏ အခြေအနေများ၊ ကြိမ်ချောင်း-အောင်စစ်ပြင်လမ်းပိုင်း အခြေအနေများနှင့် မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း လမ်းပိုင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မောင်တောခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်က အောင်စစ်ပြင်-တောင်ပြိုလက်ဝဲ လျာထားကားလမ်းပေါ်ရှိ တည်ဆောက်ရမည့် တံတားနှင့် ရေထုတ်မြောင်း အခြေအနေများကိုလည်းကောင်း၊ နယ်မြေခံ တပ်နယ်မှူး ဗိုလ်မှူးကြီး ထိန်လင်းက လမ်းခင်းကျောက်များ ရရှိနိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ **(သတင်းစဉ်)**

Ogawa Massage Chair & Healthcare Products
မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

Ogawa Massage Chair & Healthcare Products များ မိတ်ဆက်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၁ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပသည်။

Ogawa Massage Chair & Healthcare Productsများကို မလေးရှားနိုင်ငံမှ တင်သွင်းပြီး မြန်မာနိုင်ငံအပါအဝင် မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ ရှန်ဟိုင်း၊ ပေကျင်း၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်နှင့် ဗီယက်နမ် စသည်တို့၌ ဆိုင်ပေါင်း ၁၇၆ ဆိုင်တို့ကို ဖွင့်လှစ်ထားပြီး Ogawaတွင် Relaxation, Therapeutic, Fitness, Diagnosticနှင့် Hygieneဟူ၍ အုပ်စုငါးမျိုးခွဲခြားထုတ်လုပ်ထားသည်။

ခန္ဓာကိုယ်ညောင်းညာမှုများကို အသေးစိတ်နှိပ်နယ်ပေးသော Massage Chairs, မျက်စိနှင့် အာရုံကြောများကို ပြေလျော့စေသော မျက်စိနှိပ်ကိရိယာများ၊ ခန္ဓာကိုယ်၏ ပိုနေသော အဆီများကိုချပေးသော အဆီချပစ္စည်းများ၊ ခြေဖဝါးနှင့် ခြေထောက်ပိုင်းကို အဓိကနှိပ်နယ်ပေးသော Foot Massagersများ၊ ခရီးသွားရာတွင် အလွယ်တကူ သယ်ဆောင်သွားနိုင်သော အနှိပ်ကိရိယာများနှင့် သွေးပေါင်ချိန်တိုင်းကိရိယာများ စသည့် Healthcare Products များ ပါဝင်သည်။

ယင်းအခမ်းအနားတွင် မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ် Medi Myanmar Group Ltd. မှ Executive Director ဒေါက်တာစုလှဟန်က ကြိုဆိုမိတ်ဆက်စကားပြောကြားပြီး Ogawa World Berhad မှ Executive Director Mr. Louis Chong က Ogawa Products များအကြောင်းကို ရှင်းလင်းပြောကြား၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် **(အောက်ပုံ)**က Ogawa Massage Chair & Healthcare Products များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

အခမ်းအနားတွင် အဆိုတော် ရုပ်ရှင်သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်အား Ogawa Ambassador အဖြစ် ခန့်အပ်လိုက်သည်။ Ogawa Massage Chair & Healthcare Productsများကို အာမခံနှစ်နှစ် ပေးထားပြီး Ogawa Showroomများကို ရန်ကုန်မြို့၌ အမှတ် ၄၆ ပြည်လမ်း ခြောက်မိုင်ခွဲ လှိုင်မြို့နယ်နှင့် မန္တလေးမြို့၌ အမှတ် ၆၅၂ ၇၈လမ်း ၃၇-၃၈လမ်းကြားရှိ ဟိုတယ်မန္တလေး၌ ဖွင့်လှစ်ထားသည်။ **(သတင်းစဉ်)**

လုယက်မှု ကျူးလွန်သူများအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၁၉

မင်္ဂလာတောင်ညွန့်မြို့နယ် ပါဝါလိုက်စားသောက်ဆိုင်အနီး၌ အမျိုးသမီးတစ်ဦးထံမှ ရွှေ၊ ငွေနှင့် ဂျီအက်(စ်)အမ်ဖုန်းတို့အား လုယူထွက်ပြေးသူ တရားခံလေးဦးကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၃ရက်က သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့သည်။

ဖြစ်ပွားပုံမှာ စက်တင်ဘာ ၃၀ရက် ည ၈နာရီခန့်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/နောက်ရပ်ကွက်နေ မရီရီအောင်သည် ခင်ပွန်းဖြစ်သူနှင့်အတူ သိမ်ဖြူလမ်း ငါးခွဆုံမှ ကန်ပတ်လမ်းအတိုင်း နေအိမ်သို့လမ်းလျှောက်ပြန်လာရာ ပါဝါလိုက်စားသောက်ဆိုင် အနီးအရောက် လူငယ်လေးဦးရောက်ရှိလာကာ မရီရီအောင်အား ဓားဖြင့်ထောက်၊ တုတ်ဖြင့်ရိုက်ပြီး မရီရီအောင် ဝတ်ဆင်ထားသော ရွှေဆွဲကြိုး(စိန်လော့ကတ်)ပါ တစ်ကုံး၊ ရွှေဟန်းချိန်းတစ်ခု၊ ဆမ်ဆောင်းဂျီအက်(စ်)အမ်ဖုန်းတစ်လုံး၊ ငွေကျပ် ၆၅၀၀၀နှင့် မှတ်ပုံတင်၊လိုင်စင်စာရွက်စာတမ်းများစုစုပေါင်းငွေကျပ် ၁၂၁၅၀၀၀ကို လုယူထွက်ပြေးသွားခဲ့သဖြင့် မင်္ဂလာတောင်ညွန့်ရဲစခန်း၌ အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

အမှုအား အမြန်ဆုံးဖော်ထုတ်နိုင်ရေးအတွက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ အမှတ်၁၇၄ ရွှေနှင်းဆီလမ်း (၅၅)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ မင်းဒင်လေး(ခ)ဇင်သူဖြစ်ကြောင်း သတင်းရရှိသဖြင့် မင်းဒင်လေး(ခ)ဇင်သူ၏ နေအိမ်အား ဝင်ရောက်ဖမ်းဆီးရာ မင်းဒင်လေး(ခ)ဇင်သူအပြင် ပူးတွဲပါဝင်ကျူးလွန်သူ ပြည့်စုံ (၁၉)နှစ် (၇၀)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ထွန်းထွန်းဝင်း(ခ)ဘိုစု အသက်(၂၀) (၇၀)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် အောင်သန်းကို (၂၂)နှစ် (၇၀)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့ကိုပါ ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ မင်းဒင်လေး(ခ)ဇင်သူ၊ ပြည့်စုံ၊ ထွန်းထွန်းဝင်း(ခ)ဘိုစုနှင့် အောင်သန်းကိုတို့ကို စစ်မေးရာ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုပြီး မင်းဒင်လေး(ခ) ဇင်သူထံမှ စိန်လော့ကတ်တစ်ခု၊ ဆမ်ဆောင်း ဂျီအက်(စ်)အမ်ဖုန်း(ကတ်ပါ)တစ်လုံးကို လည်းကောင်း၊ ရွှေဟန်းချိန်းကို ရွှေဘုံသာလမ်းမှ လည်းကောင်း၊ ရွှေဆွဲကြိုးကို စံပြဈေးမှ လည်းကောင်း ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

ပြစ်မှုကျူးလွန်သူ လေးဦးအား မင်္ဂလာတောင်ညွန့်ရဲစခန်းမှ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားခံ မင်းဒင်လေး(ခ)ဇင်သူ၊ ပြည့်စုံ၊ အောင်သန်းကို၊ ထွန်းထွန်းဝင်း(ခ) ဘိုစုတို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး ရုံဝင်လာ ရွှေ့ဆောင်ရုံတွင် အချစ်ကလန်းတယ် ဆက်လက်ပြသ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် အောက်တိုဘာ ၁၉

ယခုသောကြာပတ်တွင် ဒါရိုက်တာ မိုက်တီး၏ **ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး** ဟာသဇာတ်မြူးကားမှာ သမ္မတ၊ သွင်နှင့်မင်္ဂလာအဆင့်မြင့်ရုံများတွင် ရုံဝင်လာသည်။

ရာဇာနေဝင်း၊ ခန့်စည်သူ၊ ပြေတီဦးတို့ သူငယ်ချင်းသုံးယောက်နှင့် လင်းဇာနည်ဇော်၊ ခိုင်သင်းကြည်၊ မေကဗျာတို့ ညီအစ်မသုံးယောက်၏ သုံးစုံတွဲ ဇာတ်လမ်းကို ဟာသဆန်ဆန် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားကို ပြည့်ဖြိုးမြတ် ရုပ်ရှင်ထုတ်လုပ်ရေးက တင်ဆက်ထားခြင်းဖြစ်သည်။

အချစ်ကလန်းတယ်

ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးသည့် **အချစ်ကလန်းတယ်** ဇာတ်ကားမှာ ရွှေ့ဆောင်ရုပ်ရှင်ရုံတွင် ပဉ္စမပတ်မြောက် ဆက်လက်ပြသနေပြီး ယင်းရုံနှင့်အပြိုင် စံပြ၊ ရွှေမန်းနှင့် သီတာရုံ၊ ရွှေရတနာ(မြောက်ဒဂုံ)ရုံများပါ တစ်ပြိုင်တည်း ပြသလျက်ရှိသည်။

ဟောလီးဝုဒ် နာမည်ကျော်မင်းသမီး အင်ဂျလီနာဂျိုလီ အထူးပါဝင်ထားသော အက်ရှင်ဇာတ်ကား WANTED မှာ နေပြည်တော်ရုံတွင် ပြသနေဆဲဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

တန်းမြင့်မြို့မရုံတွင် တိုင်းတစ်ပါးက ချစ်တဲ့သူအမည်ရ PARDES ဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ရှာရွတ်ခန်၊ အပူးရ်ဗား၊ မာဟီမားချော်ဒါရီတို့ ပါဝင်ထားသည်။ သူငယ်ချင်း၏သမီးကို သားအရင်းနှင့် လက်ဆက်ပေးရန် မွေးစားသားကို အိန္ဒိယသို့စေလွှတ်ပြီး စီစဉ်ခိုင်းရာမှ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း ဖြစ်သွားရပုံများကို အမေရိကန်နှင့် အိန္ဒိယဇာတ်ဝင်ခန်းများဖြင့် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

အက်ရှင်ဇာတ်ကားပြသ

ဆုထူးပန်ရုံတွင် ဒါရိုက်တာဒေးဗစ်ဓေ့ရှ်ဝမ် ရိုက်ကူးထားသော MAINE PYAR KYUN KIYA ဇာတ်ကားရုံဝင်လာပြီး ဘုရင့်ရုံတွင် မင်းသားရီသစ်ရိုရှန်၏ စိတ်ကူးယဉ်သိပ္ပံဇာတ်ကား KOI-MILGAYA ဇာတ်ကား ပြသနေသည်။ မြေနီကုန်းရတနာပုံရုံတွင် ကမဲဟက်ဆန်နှစ်ကိုယ်ခွဲပါဝင်ထားသောအက်ရှင်ဇာတ်ကား ABHAY ဇာတ်ကား ပြသနေသည်။

စိုက်ရှင်း

နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ဆုသြချယ်၏ ဇာတ်ညွှန်းကို ဒါရိုက်တာ ရွှေဇင်မင်းရိုက်ကူးထားသည့် **စိုက်ရှင်း** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ကျော်ရဲအောင်၊ စိုးမြတ်သူဇာ၊ နေထူးနိုင်၊ စိုးပြည့်သဇင်တို့ ပါဝင်ထားသည်။ ဟာသဇာတ်မြူးကားကြိုက် ပရိသတ်များအတွက် စီစဉ်တင်ဆက်ထားခြင်းဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အနုသုခုမပညာကို လေးစားတန်ဖိုးထားကြသော ပြည်သူများ တစ်ခဲနက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၉

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲများသို့ ပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ အကဲဖြတ်ဒိုင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ၊မြန်မာ့ရိုးရာအနုသုခုမပညာကို လေးစားတန်ဖိုးထားကြသောပြည်သူများ တစ်ခဲနက် တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပြိုင်ပွဲ

အဆင့်မြင့်ပညာအဆင့် အမျိုးသား ခေတ်ဟောင်း၊ကာလပေါ်တေး အဆိုပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်မှ မောင်ပိုင်ဖြိုးကို၊ ချင်းပြည်နယ်မှ မောင်ပြည့်ဖြိုးမောင်၊ မွန်ပြည်နယ်မှ မောင်ကျော်လင်းအောင်၊ ပဲခူးတိုင်းမှ မောင်ကိုကိုဝင်း၊ ကရင်ပြည်နယ်မှ စိုင်းသိန်းမြင့်ထွန်း၊ တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်း၊ ရှမ်းပြည်နယ်မှ မောင်ဇော်ထက်၊ မန္တလေးတိုင်းမှ မောင်ဝင်းမင်းဌေးနှင့် မောင်ရဲရန်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်ဝေဖြိုးအောင်၊ ကယားပြည်နယ်မှ မောင်ပြည့်ဖြိုးဟိန်း၊ ဧရာဝတီတိုင်းမှ မောင်စိန်မင်း၊ ရန်ကုန်တိုင်းမှ မောင်သီဟကျော်နှင့် မောင်မြတ်ထွန်းသိန်းတို့က **"သန္တုဋ္ဌိစ"**သီချင်းဖြင့် သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀) အမျိုးသမီး ခေတ်ဟောင်း၊ကာလပေါ်တေး အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မရွှေဇင်ဖြိုး၊ ကရင်ပြည်နယ်မှ မနန်းသက်နှင်းစု၊ ကချင်ပြည်နယ်မှ မကြည်ကြည်ဝါ၊ မန္တလေးတိုင်းမှ မဌေးဌေးမြင့်၊ မွန်ပြည်နယ်မှ မနှင်းဝေဝေလှိုင်၊ ချင်းပြည်နယ်မှ မဗန်ရွှေးမွေး၊ မန္တလေးတိုင်းမှ မပန်းအိ၊ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်၊ ရခိုင်ပြည်နယ်မှ မဦးခင်သိန်း၊ ရန်ကုန်တိုင်းမှ မနန်းသက်မှူးကြွယ်၊ မကွေးတိုင်းမှ မငြိမ်းအိဖြိုး၊ ပဲခူးတိုင်းမှ မပပဝင်းဖြူနှင့် ရှမ်းပြည်နယ်မှ မခိုင်ဝါဝင်းတင့်တို့က **"မြန်မာ့အားအင်"**သီချင်းဖြင့် သီဆိုပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ် အမျိုးသား ခေတ်ဟောင်း၊ ကာလပေါ် အဆိုပြိုင်ပွဲကို ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ်မှ မောင်ရဲမြတ်သူ၊ ရခိုင်ပြည်နယ်မှ မောင်မျိုးမြတ်ဟိန်း၊ မွန်ပြည်နယ်မှ မောင်အောင်ကျော်ဖြိုး၊ စစ်ကိုင်းတိုင်းမှ မောင်အာကာဟိန်း၊ ပဲခူးတိုင်းမှ မောင်နိုင်နိုင်စိုး၊ ကရင်ပြည်နယ်မှ စောပြည့်ဖြိုးအောင်၊ ချင်းပြည်နယ်မှ မောင်မုန်ရှင်းဇွန်၊ မန္တလေးတိုင်းမှ မောင်ရဲသူရလွင်နှင့် မောင်သာနေဦး၊ ကချင်ပြည်နယ်မှ မောင်ဖုန်းမြင့်ကျော်၊ ဧရာဝတီတိုင်းမှ မောင်ပိုမိုထက်အောင်နှင့် တနင်္သာရီတိုင်းမှ မောင်ကျော်ဇင်ခိုင်တို့က **"ဂီတဗိမာန်"** သီချင်းဖြင့် သီဆိုပြိုင်ပွဲဝင်ကြသည်။

ခေတ်အကြိုက်တေး

အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ(၂၀)အမျိုးသမီး ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲကို နံနက်ပိုင်းတွင် ရွာတော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်မှ မစုမြတ်သီဂီ၊ ကရင်ပြည်နယ်မှ နန်းသက်နှင်း၊ ချင်းပြည်နယ်မှ မလိန်းစိမ်း၊ မွန်ပြည်နယ်မှ မအိဖြူဟာန်၊ ရခိုင်ပြည်နယ်မှ မအေးသန္တာ၊ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်၊ ပဲခူးတိုင်းမှ မအိမ့်သပြေနိုင်၊ မန္တလေးတိုင်းမှ မပန်းအိနှင့် မမိုးဆန်းသူ၊ ရန်ကုန်တိုင်းမှ မယွန်းလဲ့ခင်နှင့် မဝါဝါခင်၊ ဧရာဝတီတိုင်းမှ မသဇင်မိုးတို့က **"အတွယ်အတာ"** သီချင်းဖြင့် သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် အမျိုးသား ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကယားပြည်နယ်မှ မောင်ပြည့်ဖြိုးဟိန်း၊ ကရင်ပြည်နယ်မှ မောင်ဇင်မင်းအောင်၊ မွန်ပြည်နယ်မှ မောင်စိုင်းတင့်လွင်ဦး၊ ရခိုင်ပြည်နယ်မှ မောင်နိုင်လင်းအောင်၊ စစ်ကိုင်းတိုင်းမှ မောင်ထန်လျန်ကပ်၊ တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်း၊ ပဲခူးတိုင်းမှ မောင်ကိုကိုဝင်း၊ မန္တလေးတိုင်းမှ မောင်အောင်နေစိုးနှင့် မောင်သိန်းစံအောင်၊ ရန်ကုန်တိုင်းမှ မောင်သီဟကျော်နှင့် မောင်ရဲလင်းထွန်း၊ ရှမ်းပြည်နယ်မှ မောင်ဇော်ထက်နှင့် ဧရာဝတီတိုင်းမှ မောင်သူရကျော်တို့က **"ဥမကွဲသိုက်မပျက်"**သီချင်းဖြင့် သီဆိုပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)အမျိုးသားအကပြိုင်ပွဲကို နံနက် ၉ နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းမှ မောင်ဝေဇင်၊ ကချင်ပြည်နယ်မှ မောင်စည်သူအောင်၊ ရခိုင်ပြည်နယ်မှ မောင်သန်းစိုးအောင်၊ ကရင်ပြည်နယ်မှ စောသူရိန်ထွန်း(ခ)အာတူ၊ ရခိုင်ပြည်နယ်မှ မောင်သုခစိုး၊ တနင်္သာရီတိုင်းမှ မောင်ကျော်ထွေးအောင်၊ မွန်ပြည်နယ်မှ မောင်ထွေးကိုကို၊ ကယားပြည်နယ်မှ မောင်သိန်းဌေးအောင်၊ ရန်ကုန်တိုင်းမှ မောင်အေးမောင်မောင်၊ ကချင်ပြည်နယ်မှ မောင်မင်းချစ်သူ၊ ရန်ကုန်တိုင်းမှ မောင်နိုးနိုးလပြည့်၊ ပဲခူးတိုင်းမှ မောင်ကိုကိုအောင်၊ မန္တလေးတိုင်းမှ မောင်ဇော်သူအောင်နှင့် မျိုးသီဟကျော်(ခ)ပိုင်ပိုင်တို့ ကပြယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပတ္တလားအတီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မနှင်းရည်ဝင်းက "ညဉ့်သုံးယံခါ"(ပတ်ပျိုး) သီချင်းဖြင့် ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကချင်ပြည်နယ်မှ မဆာလိုမီ၊ ရန်ကုန်တိုင်းမှ မနှင်းဝတ်ရည်ထူး(ခ)စနေမ၊ ရခိုင်ပြည်နယ်မှ မဖူးရွှေစင်၊ ရှမ်းပြည်နယ်မှ မမြတ်အိန္ဒြေထက်၊ ကယားပြည်နယ်မှ မငြိမ်းငြိမ်းအိ၊ ရှမ်းပြည်နယ်မှ မချမ်းမြေ့ခိုင်၊ မွန်ပြည်နယ်မှ မလှဲ့ယဉ်သန်း၊ ကချင်ပြည်နယ်မှ မအိဖြူစင်သန့်၊ ပဲခူးတိုင်းမှ မအိအိမိုး၊ မန္တလေးတိုင်းမှ မအိကေခိုင်မျိုး၊ မကွေးတိုင်းမှ မစန္ဒီထက်ထက်၊ မန္တလေးတိုင်းမှ ဖူးမွန်ထက်ဝင်းအောင်၊ ဧရာဝတီတိုင်းမှ မခက်ပိုပိုနိုင်နှင့် မရွှေဝင့်ထည်ကို၊ ပဲခူးတိုင်းမှ မလင်းလက်အောင်၊ ကရင်ပြည်နယ်မှ မနန်းဌေးဌေးနိုင်၊ တနင်္သာရီတိုင်းမှ မကေခိုင်စိုး၊ ရန်ကုန်တိုင်းမှ မမေအေးအေးချမ်း(ခ)ကြာလေးစိန်နှင့် စစ်ကိုင်းတိုင်းမှ မအိသက်ပိုင်တို့ ကပြယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲ

ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားစန္ဒရားအတီးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ်မှ မောင်အောင်ဘိုဘို၊ ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်၊ ဧရာဝတီတိုင်းမှ ဦးအောင်ကိုသက်၊ ပဲခူးတိုင်းမှ ဦးစိုးလွင်၊ မန္တလေးတိုင်းမှ မောင်နေဇင်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်မင်းသူရ၊ ရခိုင်ပြည်နယ်မှ ဦးကျော်ဇောလင်း၊ မန္တလေးတိုင်းမှ မောင်သန့်စင်ထွေး၊ မကွေးတိုင်းမှ ဦးဇော်မင်းနှင့် ရန်ကုန်တိုင်းမှ မောင်ပဇော်ဟိန်းတို့က **"စိန်ကြောင်နီလာ"**(ပတ်ပျိုး)သီချင်းဖြင့် တီးခတ်ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့်အသက်(၅)နှစ်မှ(၁၀)နှစ် အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မခင်ယဉ်မင်းဆုနှင့် မမေနဒီအောင်၊ ဧရာဝတီတိုင်းမှ မခိုင်ထက်ထက်လင်းတို့က **"စိမ်းလဲ့လဲ့ညိုပြာ"**(ကြိုး)သီချင်းဖြင့် တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲ

ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်မှ ဦးချစ်ဝေ၊ မန္တလေးတိုင်းမှ ဦးခိုင်မျိုးကျော်၊ ပဲခူးတိုင်းမှ မောင်မင်းသူနိုင်၊ ရှမ်းပြည်နယ်မှ ဦးသန်းထွန်းဦး၊ မကွေးတိုင်းမှ ဦးလှကြည်၊ ရန်ကုန်တိုင်းမှ ဦးမင်းကိုနှင့် ဦးအောင်ဗိုလ်မင်း၊ ရခိုင်ပြည်နယ်မှ ဇေယျာထွန်းဝေ၊ စစ်ကိုင်းတိုင်းမှ မောင်ဝင်းဇော်ထွန်း၊ မွန်ပြည်နယ်မှ ချစ်မိုးလှို၊ ဧရာဝတီတိုင်းမှ ဦးမြင့်စိုးနှင့် မန္တလေးတိုင်းမှ ဦးဝင်းထွန်းဦးတို့က **"ဆဒ္ဒန်အိုင်သာ"** (သီချင်းခံ)သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)ပတ္တလားအတီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ မနေရည်အောင်နှင့် မချမ်းမြေ့သူ၊ ရန်ကုန်တိုင်းမှ မအေးစုမာ၊ ပဲခူးတိုင်းမှ မစိမ်းမိုးနှင့် ရန်ကုန်တိုင်းမှ မနှင်းရည်ဝင်းတို့က **"ညဉ့်သုံးယံခါ"**(ပတ်ပျိုး)သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ဒိုးပတ်အတီးပြိုင်ပွဲ

ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲကို နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးဇော်အဖွဲ့၊ မကွေးတိုင်းမှ ဦးသဲမောင်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်လင်းထိုက်အောင်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်အောင်သူဟိန်းအဖွဲ့နှင့် မြန်မာပြည်သားလေးဖိုးဇော်အဖွဲ့၊ ပဲခူးတိုင်းမှ မောင်အောင်မျိုးမင်း(ခ)အောင်ရှုဝံအဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးချစ်ကျော်ကျော်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးအောင်သန်းဇော်အဖွဲ့၊ ရခိုင်ပြည်နယ်မှ ဦးကျော်ဝင်းအဖွဲ့နှင့် မွန်ပြည်နယ်မှ ချစ်ဖြိုးလှို အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀) အမျိုးသား ဒိုးပတ် အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းမှ မောင်ဇင်မျိုးထက်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်သီဟဇော်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်စိန်ဗိုလ်ထွားအဖွဲ့၊ ရန်ကုန်တိုင်းမှမောင်ဇော်မင်း(ခ)ဖိုးလပြည့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်မင်းဟိန်းထက်အဖွဲ့၊ ချင်းပြည်နယ်မှ မောင်လင်းထန်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မောင်အောင်ထွန်းဦး(ခ)စိန်တွတ်တီးအဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ဆိုင်း(တစ်ဦးချင်း)

ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားဆိုင်း(တစ်ဦးချင်း)အတီးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းမှ တံခွန်မြတ်ဇင်အောင်၊ မကွေးတိုင်းမှ ဦးမြမင်းဗိုလ်၊ ရန်ကုန်တိုင်းမှ မြို့တော်အေးမင်းအောင်၊ မန္တလေးတိုင်းမှ ဦးကောင်းသန့်၊ ဧရာဝတီတိုင်းမှ ဦးစက်ကလေးနှင့် ရန်ကုန်တိုင်းမှ ဦးရဲလင်းဗိုလ်တို့က **"မိုင်းပြာမှုန်ဝေ"**(ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် အမျိုးသားဆိုင်း(တစ်ဦးချင်း)အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ မောင်ရန်အောင်၊ ရန်ကုန်တိုင်းမှ မောင်အောင်မျိုးဝင်း(ခ)မောင်ဖိုးချစ်၊ ပဲခူးတိုင်းမှ မောင်ဇော်ဝင်းနိုင်၊ မကွေးတိုင်းမှ မောင်လှမင်း၊ ရန်ကုန်တိုင်းမှ မောင်ဝေယံမောင်မောင်၊ မန္တလေးတိုင်းမှ မောင်သူရထက်နိုင်၊ စစ်ကိုင်းတိုင်းမှ မောင်နိုင်ဇာလင်းနှင့် ဧရာဝတီတိုင်းမှ မောင်နိုင်နိုင်တို့က **"ကိုးပါးပေါင်းစု"**(ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်ကြသည်။ **(သတင်းစဉ်)**

** ရှေ့ဖုံးမှ*

အဆိုပါ ယှဉ်ပြိုင်တင်ဆက်ရာသို့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်ဇနီး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့်ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်တင်ဆက်

လူငယ်အားမာန် မိုးယံဆီသို့ ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်တင်ဆက်သည့် ရန်ကုန်တိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် စီစဉ်ကြီးကြပ်သူအဖြစ် ဗိုလ်မှူးမျိုးသန့်နှင့် ဒယ်ဒီဂမုန်း၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းဒါရိုက်တာ ဇော်မင်းဝင်း၊ ဂီတမှူး ပြည်မြန်မာဟိန်းရာဇာ၊ ရွှာစားဟိန်းရာဇာဆိုင်းအဖွဲ့၊ ခေါင်းဆောင်မင်းသားတင်မောင်ဆန်းမင်းဝင်း၊ ခေါင်းဆောင်မင်းသမီး စန်းနီလာဝင်းတို့ ဦးဆောင်သောအဖွဲ့က ဧရာဝတီမြစ်ဝကျွန်းပေါ် ကျေးရွာတစ်ရွာမှ လူငယ်များ၏ အားမာန်အပြည့်ဖြင့် ရပ်ကျိုးရွာကျိုး၊ တိုင်းပြည်အကျိုး စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်ကြပုံများကို အခြေခံ၍ ပြဇာတ်အနုပညာပြည့်ဝစွာဖြင့် ယှဉ်ပြိုင်တင်ဆက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၀-၁၀-၂၀၀၈ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၂။ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အကပဒေသာ
- ၇း၅၅ ၅။ အတီးပြိုင်ပွဲ
- ၈း၁၅ ၆။ တေးဂီတအစီအစဉ်
- ၈း၃၀ ၇။ International News
- ၈း၄၀ ၈။ **စည်းကမ်းလိုက်နာဘေးကင်းကွာ** ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မေ့စံ၊ လင်းဇာနည်ဇော်၊ ပွင့် [ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး(ဝ/သ)]

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၁၅ ၃။ အဆိုပြိုင်ပွဲ
- ၄း၂၅ ၄။ **မပြောမပြီး မတီးမမြည်** နေရဲလင်း၊ မောင်မောင်မြင့်၊ ခင်မောင်စိုးတင့်၊ ရှင်ဖုန်းအိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်၊ စိုင်းခန့်စိုးလင်း (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၄း၄၅ ၅။ တေးဂီတအစီအစဉ်
- ၅း၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၂၀ ၈။ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း
- ၅း၃၀ ၉။ မြန်မာ့မီးရထားအားမာန်
- ၅း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
- ၇း၀၀ ၁၄။ တေးဂီတအစီအစဉ်
- ၇း၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းပျိုးလက်** (အပိုင်း-၁၉)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မျက်ဝန်းရိပ်** (အပိုင်း-၁၉)

** ကျောဖုံးမှ*

တမံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၇ခုနှစ် ဩဂုတ် ၃ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၈ခုနှစ် မတ် ၂၃ ရက်တွင် ရာနှုန်းပြည့် တည်ဆောက်ပြီးစီးခဲ့သည်။ မြိုင်မြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသတွင်ရှိပြီး ရေအခက်အခဲရှိခဲ့သည်။ ကျောက်ဆောက် ရေလှောင်တမံ တည်ဆောက်ပြီးစီးသွားသဖြင့် ထိုက်သင့်သည့်ရေပမာဏကို ရရှိနေပြီဖြစ်ရာ ယာသီးနှံကိုသာ အားထားစိုက်ပျိုးနေရာမှ ယာမှ လယ်သီးနှံကို ကူးပြောင်းစိုက်ပျိုးနိုင်ခဲ့ပြီဖြစ်သည်။

ဝမ်းသာ

ကျောက်ဆောက်ဒေသရှိ တောင်သူများသည် မြန်မာတစ်နိုင်ငံလုံးအနှံ့အပြား ရေလှောင်တမံများ တည်ဆောက်ပေးနေသောကြောင့် မိမိတို့ဒေသတွင် ရေလှောင်တမံတည်ဆောက်ပေးရန် နှစ်အတန်ကြာကပင် မျှော်လင့်စောင့်စားနေကြရာမှ ယခုကဲ့သို့ ရေလှောင်တမံကြီးဖွင့်ပေးခဲ့ခြင်းကို ဒေသခံပြည်သူများ ဝမ်းသာဝမ်းမြောက်ဖြစ်လျက်ရှိကြသည်။

ချမ်းမြေ့စွာ

ရေလှောင်တမံနှင့်ပူးတွဲကာ လူသွားလမ်း၊ ယာဉ်သွားလမ်းများပါ တည်ဆောက်ပေးခဲ့သည့်အတွက် ယခင်ကကဲ့သို့ ရွှံ့နွံများ ရုန်းကန်ကျော်လွှားပြီး သွားလာနေရသော ဒုက္ခများမှကင်းဝေးပြီး ကျောင်းသူကျောင်းသားများ၊ စီးပွားရေးလုပ်ကိုင်သူများ၊ ခရီးလမ်းပန်းသာကာ ချမ်းမြေ့စွာသွားလာနေကြရပြီဖြစ်၍ ပျော်ရွှင်ကြည်နူး ပီတိပွားလျက်ရှိကြသည်။ ။ **(မြန်မာ့အလင်း)**

နှစ်စဉ်မပျက် ဆင်ကာနွှဲ
မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အခြေခံပညာအဆင့် အမျိုးသမီး အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မမြတ်အိန္ဒြေထက်၏ နုပျိုသော အကအလှ။

အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသမီး (ခေတ်ဟောင်း၊ ကာလပေါ်)အဆိုပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မဦးခင်သိန်း၏ သီဆိုဟန်။

အတီးပြိုင်

ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ဆိုင်း(တစ်ဦးချင်း) ပြိုင်ပွဲတွင် ရောဝတီတိုင်းမှ ဦးစက်ကလေး၏ တီးခတ်ဟန်။

အဆင့်မြင့်ပညာ အဆင့် ပတ္တလားအတီးပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မစိမ်းမိုး လက်စွမ်းပြယှဉ်ပြိုင်မှု။

ကြည့်ရှုအားပေး

အသက် (၁၅-၂၀)နှစ် ဒိုးပတ်တီးပြိုင်ပွဲကို ဝါသနာရှင်ပြည်သူများ ဤသို့ တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း
တင်စိုး (မြန်မာ့အလင်း)

လှိုက်လှဲဝမ်းသာ ဂုဏ်ပြုပါသည်

ဇာတိပုညာ၊ ဂုဏ်မာနနှင့်
မြန်မာ့ဂုဏ်ရောင်၊ ထွန်းလင်းပြောင်သည်
မြားမြောင်ပြည်သူ၊ မြဲဂုဏ်ယူ၍
တူညီဖြိုဖြိ၊ အားပေးကြသည့်
ဆိုကရေးတီး၊ ပြိုင်ပွဲကြီးကား
ထီးထီးမားမား၊ စွမ်းပကားဖြင့်
ခံ့ညားထည်ဝါ၊ ကျင်းပပါပြီ
ချိန်ခါနှစ်ရောက်၊ ဆယ့်ခြောက်မြောက်တည့်။

ဆိုကြကကြ၊ တီးမှုတ်ကြနှင့်
ရေးကြသားကြ၊ နုအလှနှင့်
ရသကိုးပါး၊ ဂုဏ်ဆယ်ပါးနှင့်
ခြောက်ပါးအလင်္ကာ၊ စီခြယ်ကာလျှင်
မြန်မာ့ယဉ်ကျေးမှု၊ အစုစုကို
အနုပညာ၊ ပြောင်မြောက်စွာလျှင်
ရင်မှာပန်ဆင်၊ ပြိုင်ပွဲဝင်ကြ
သစ်လွင်တိုးတက်၊ ပြည်ကျိုးရွက်သည့်
မျိုးဆက်သစ်ဖွား၊ ရင်းမြစ်များကို
လက်ဝါးလက်ခုပ်၊ အားမာန်ထုတ်၍
သုတ်သုတ်ခတ်တီး၊ ပြိုင်ပွဲကြီးကို
ဝှဲချီး ဂုဏ်ပြုလိုက်ပါသည်။ ။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ဂုဏ်ပြုလျက်-

ပန်းတောင်းသန်းကြွယ်

အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသမီး (ခေတ်ဟောင်း၊ ကာလပေါ်တေး) အဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မခိုင်ဝါဝင်းတင့် သီဆိုယှဉ်ပြိုင်စဉ်။

ကျန်းမာရေးနှင့်နီးနွှယ်သော ထောင်စုနှစ်ဖွံ့ဖြိုးရေး

ရည်မှန်းချက်ပန်းတိုင်များ ရောက်ရှိရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းချက်များ (၂)

ပါမောက္ခဒေါက်တာပိုင်စိုး

(ယမန်နေ့မှအဆက်)

မိခင်ကျန်းမာရေးမြှင့်တင်ရန်

ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်(၅)မှာ "မိခင် ကျန်းမာရေး မြှင့်တင်ရန်" ဖြစ်ပြီး အညွှန်းကိန်းများအဖြစ် အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

- **မိခင်သေနှုန်း(အရှင်မွေး ၁၀၀၀ လျှင်)**
- **ကျွမ်းကျင်သူနှင့်မွေးဖွားနှုန်း**

မြန်မာနိုင်ငံတွင် မိခင်များ၊ မွေးကင်းစနှင့် တစ်နှစ်အောက်ကလေး အပါအဝင် ကလေးများတွင် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများကို လျှော့ချနိုင်ရန် ရည်ရွယ်ပြီး မိခင်နှင့်ကလေး (မွေးကင်းစကလေး အပါအဝင်) ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို အမျိုးသားကျန်းမာရေး စီမံကိန်းတွင် ဦးစားပေး ကဏ္ဍတစ်ရပ်အနေဖြင့် သတ်မှတ်အကောင်အထည်ဖော်လျက် ရှိပါသည်။ နိုင်ငံတော်သည် ထောင်စုနှစ် ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များဖြစ်သော ၁၉၉၀ ပြည့်နှစ်တွင်ရှိသည့် မိခင်သေနှုန်းကို ၂၀၁၅ ခုနှစ်တွင် လေးပုံသုံးပုံ လျှော့ချနိုင်ရေးဟူသည့် ရည်မှန်းချက်ပန်းတိုင်သို့ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ် မွေးဖွားသော ကိုယ်ဝန်ဆောင်မိခင်ပေါင်း ၁ ဒသမ ၃ သန်းခန့် ရှိပါသည်။ ထို့ကြောင့် မိခင်များနှင့် မွေးစကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအရည်အသွေး တိုးတက်ကောင်းမွန်လာစေရေးနှင့် အန္တရာယ်ကင်းသော မိခင်ဘဝရရှိရေးကို ဦးစားပေးသည့်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက် ရှိပါသည်။ ကျေးရွာတစ်ရွာတွင် ကျွမ်းကျင်သော သားဖွားစွမ်းရည်ရှိသူတစ်ဦး အနည်းဆုံးရှိရန် ရည်ရွယ်၍ သားဖွားဆရာမများအား တိုးမြှင့်မွေးထုတ်ပေးနေချိန်တွင် အရန်သားဖွားဆရာမများအား ကိုယ်ဝန်ဆောင်ချိန်၊ မီးဖွားချိန်၊ မီးတွင်းနှင့် မွေးစကလေး စောင့်ရှောက်မှုဆိုင်ရာ အားဖြည့်သင်တန်းများပေးခြင်းနှင့် လူနာအဆင့်ဆင့် လွှဲပြောင်းပေးပို့ခြင်းဆိုင်ရာ သင်တန်းများပေးလျက်ရှိပါသည်။ ယခုအခါတွင် အရန်သားဖွားဆရာမများ အပါအဝင် ကျွမ်းကျင်သော သားဖွားစွမ်းရည်ရှိသူနှင့် ကျေးရွာအချိုးမှာ ၁ အချိုး၂ သို့ ရောက်ရှိနေပါသည်။ ပိုးမွှားသန့်စင်သော မွေးဖွားမှုများရရှိစေရန် ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူစဉ်တွင် သန့်စင်သော သားဖွားအိတ်များ ဝေငှပေးထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် မွေးဖွားမှုတိုင်းကို လိုအပ်သော စောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် ကိုယ်ဝန်ဆောင်မိခင်မှစ၍ သူမ၏ မိသားစုအထိ စဉ်ဆက်မပြတ်သော စောင့်ရှောက်မှုများပေးနိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် သမားရိုးကျမိခင်၊ မွေးစကလေးနှင့် ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုသာ ဆောင်ရွက်ခဲ့ရာမှ ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ပြောင်းလဲလာသော လူမှုစီးပွားရေး အခြေအနေများနှင့်အညီ ပြီးပြည့်စုံသော မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဘဝ လွှမ်းခြုံချဉ်းကပ်နည်း (Life cycle approach) ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မိခင်ကလေးကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည့် မြို့ပြနှင့်ကျေးလက် ဒေသအသီးသီးရှိ ကျန်းမာရေးဌာနများ၏ ပင်မလုပ်ငန်းများအဖြစ် အောက်ပါလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိပါသည်-

- **ပညာပေးခြင်း၊**
- **ကိုယ်ဝန်ဆောင်စောင့်ရှောက် မှုပေးခြင်း၊**
- **ပိုးမွှားသန့်စင်သောနည်းဖြင့်စနစ်တကျ မွေးဖွားပေးခြင်း၊**
- **မွေးပြီးမိခင် စောင့်ရှောက်မှုပေးခြင်း၊**
- **မွေးကင်းစကလေး စောင့်ရှောက်မှုပေးခြင်း၊**
- **ငါးနှစ်အောက်ကလေး စောင့်ရှောက်မှုပေးခြင်း၊**
- **မိခင်နှင့်ကလေး အာဟာရဖွံ့ဖြိုးရေး ဆောင်ရွက်ပေးခြင်း၊**
- **ကာကွယ်ဆေးထိုးခြင်း။**

မိခင်သေနှုန်းမှာ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ခန့်မှန်းချက်အရ ၁၉၉၀ ပြည့်နှစ်တွင် အရှင်မွေး ၁၀၀၀၀၀ လျှင် ၅၈၀ ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၃၈၀ သို့ ကျဆင်းလာပါသည်။ မြန်မာနိုင်ငံ သုတေသနများအရ ၁၉၉၉ ခုနှစ်တွင် အရှင်မွေး ၁၀၀၀၀၀ လျှင် ၂၅၅ဟု ဆန်းစစ်ခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၃၁၆ဟု ဆန်းစစ် ဖော်ထုတ်ထားပါသည်။ (မှတ်ချက်။ ဤ သုတေသနကိန်းဂဏန်း များလာခြင်းမှာ မိခင်သေဆုံးခြင်းများ ပိုမိုများပြားလာသောကြောင့်မဟုတ်ဘဲ သုတေသန စာရင်းဇယား ကောက်ယူနည်း ကွာခြားခြင်းကြောင့်ဖြစ်ပါသည်။) မြန်မာနိုင်ငံ၏ မိခင်သေဆုံးမှုဖြစ်နိုင်ခြေ (Life time risk of maternal death) မှာ ၁၉၉၇ ခုနှစ်တွင် ၃၃ဦးလျှင် တစ်ဦးရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် မိခင် ၁၁၀ လျှင် တစ်ဦးသာ ရှိလာပါသည်။ တစ်ကမ္ဘာလုံး မိခင်သေဆုံးမှုဖြစ်နိုင်ခြေ ပျမ်းမျှ ၉၂ဦးလျှင် တစ်ဦးနှင့် အရှေ့တောင်အာရှဒေသ ပျမ်းမျှ ၇၄ဦးလျှင် တစ်ဦးတို့ထက် ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်မိခင် လေးပုံသုံးပုံကျော်သည် လေ့ကျင့်ထားသော ကျန်းမာရေးဝန်ထမ်းများ၏ စနစ်တကျစောင့်ရှောက်မှုကို ခံယူရရှိနေကြပြီဖြစ်ရာ မိခင်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှု တိုးတက်နေကြောင်း ပြသနေပါသည်။ ကိုယ်ဝန်ဆောင်ချိန်ကာလ၊ မီးဖွားစဉ်ကာလ၊ မီးဖွားပြီးကာလများတွင် စနစ်တကျ စောင့်ရှောက်မှုပေးခြင်း၊ မျိုးပွားအင်္ဂါလမ်းကြောင်းရောဂါများ၊ လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ကာကွယ်ကုသမှု ပေးခြင်း၊ လူငယ်မျိုးပွားကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤသို့ မိခင်ကလေး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အောင်မြင်တိုးတက်ခဲ့ရခြင်းတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းကြီး၏ အခန်းကဏ္ဍမှာ ထိပ်တန်းမှာရှိနေသည်ဟူသည့် အချက်သည် ငြင်းမရသောအချက်ပင် ဖြစ်ပါသည်။

လမ်းသစ်များ၊ တံတားသစ်များ ဖောက်လုပ်ပေးနိုင်ခဲ့ခြင်းက မိခင်များ၏ အသက်ကို ကယ်တင်ရန် ထပ်ဆင့်ညွှန်းပို့ရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်းများကို ပိုမိုထိရောက် သွက်လက်စေခဲ့ခြင်းက မိခင်သေနှုန်းများ ကျဆင်းစေခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာတစ်နိုင်ငံလုံး၏ စာတတ်မြောက်မှုနှုန်း ၉၄ ဒသမ ၈၃ ရာခိုင်နှုန်း ရောက်ရှိလာခြင်းသည် ကျန်းမာရေးပညာပေးလုပ်ငန်းများ အောင်မြင်တိုးတက်မှုကို အထောက်အကူပြုစေခဲ့သည့် အကြောင်းတစ်ကြောင်းဖြစ်ကာ မိခင်သေဆုံးမှုများ လျှော့ကျစေရန် ဆောင်ရွက်မှုလုပ်ငန်းများအပေါ် အကျိုးသက်ရောက်စေခဲ့ပါသည်။

အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါများအား တိုက်ဖျက်ရေး

ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင် (၆) မှာ "အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါများအား တိုက်ဖျက်ရေး" ဖြစ်ပါသည်။ အညွှန်းကိန်းများအဖြစ် အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

- **အသက်အုပ်စု ၁၅-၂၄ နှစ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ၌ အိပ်ချ်အိုင်ဗွီ ဖြစ်ပွားမှုနှုန်း**
- **သန္ဓေတားခြင်း အသုံးပြုမှုနှုန်း**
- **ငှက်ဖျားရောဂါဖြစ်ပွားနှုန်းနှင့် သေဆုံးနှုန်း**
- **ငှက်ဖျားရောဂါကူးစက်မှုရှိသော ဒေသများတွင် နေထိုင်သူများအတွင်း ငှက်ဖျားရောဂါနှင့် သက်ဆိုင်သော ထိရောက်သော ကာကွယ်ကုသမှု နည်းလမ်းများကို အသုံးပြုနိုင်သည့် လူဦးရေအချိုး**
- **၂၀၁၅ခုနှစ်တွင် တီဘီရောဂါဖြစ်ပွားမှုနှုန်းနှင့် သေဆုံးနှုန်းကို ၁၉၉၀ ပြည့်နှစ်ရှိ အခြေအနေ၏ ထက်ဝက်လျှော့ချရန်နှင့် နှစ်စဉ် တီဘီရောဂါ အသစ် ဖြစ်ပွားမှုကို ရပ်တန့်ပြီး ကျဆင်းလာရန်**
- **တီဘီလူနာရှာဖွေတွေ့ရှိနှုန်းအနည်းဆုံး ၇၀ရာခိုင်နှုန်းရရှိအောင်ရှာဖွေပြီး တွေ့ရှိသောလူနာများ၏ အနည်းဆုံး ၈၅ ရာခိုင်နှုန်းကို တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကုနည်းဗျူဟာနှင့် အောင်မြင်စွာ ဆေးကုသမှုပေးရန်**

အသက်အုပ်စု ၁၅-၂၄နှစ်အတွင်းရှိကိုယ်ဝန်ဆောင်မိခင်များ၌အိပ်ချ်အိုင်ဗွီ ဖြစ်ပွားနှုန်းကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-



အသက်(၁၅)နှစ်မှ (၂၄)နှစ် ကိုယ်ဝန်ဆောင်မိခင်များ၌ အိပ်ချ်အိုင်ဗွီ ဖြစ်ပွားမှုနှုန်း

စီမံချက်ဝင်မြို့နယ်များတွင် သန္ဓေတားခြင်း အသုံးပြုမှုနှုန်းမှာ ရာခိုင်နှုန်း ၅၀မှ ရာခိုင်နှုန်း ၆၀ ရှိပါသည်။

ကျန်းမာရေးဦးစီးဌာန၊ ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ အောက်ဖော်ပြပါ အဓိကလုပ်ငန်းကြီး(၁၀)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(၁) လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပူးပေါင်းဆောင်ရွက်မည့် မိတ်ဖက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်သူလူထုတို့အား အသိပေးဆွေးနွေးတင်ပြခြင်း၊

(၂) ပြည်သူလူထုမှ မှန်ကန်သည့် ကျန်းမာရေးအမူအကျင့်ကောင်းများ ကျင့်သုံးစေရေးအတွက် ကျန်းမာရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၃) လိင်ဆက်ဆံမှုမှတစ်ဆင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခြင်းမှ ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊

(၄) မူးယစ်ဆေးဝါး သုံးစွဲမှုမှတစ်ဆင့် အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ပြန့်ပွားခြင်းမှကာကွယ်သည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၅) မိခင်မှသန္ဓေသားသို့ အိပ်ချ်အိုင်ဗွီရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်သည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၆) ပိုးမွှားကင်းစင်သော သွေးများရရှိစေရန်ဆောင်ရွက်ခြင်း၊

(၇) ဝေဒနာရှင်နှင့် မိသားစုများအားကုသမှုပေးခြင်းနှင့် သင့်လျော်သည့် ပြုစုစောင့်ရှောက်မှုများပေးခြင်း၊

(၈) ကဏ္ဍစုံ ဘက်စုံပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ဆောင်ခြင်း၊

(၉) အထူးစီမံချက်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နယ်စပ်ဒေသ အထူးအစီအစဉ်များ တီဘီ-အိပ်ချ်အိုင်ဗွီ ပူးပေါင်းဆောင်ရွက်ခြင်း၊

(၁၀) လုပ်ငန်းဆောင်ရွက်မှုများကြီးကြပ်ခြင်း၊ ဆန်းစစ်ဆွေးနွေး သုံးသပ်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။

ငှက်ဖျားရောဂါကြောင့် သေဆုံးသည့်နှုန်း (၁၉၉၂-၂၀၀၆)ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

[လူဦးရေတစ်သိန်းတွင် ငှက်ဖျားကြောင့် သေဆုံးသည့်နှုန်း (အသက်အုပ်စုအားလုံး)]



ငှက်ဖျားရောဂါဖြစ်ပွားသည့်နှုန်း (၁၉၉၂-၂၀၀၆)ကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်-

[လူဦးရေ ၁၀၀၀ တွင် ငှက်ဖျားဖြစ်ပွားသည့်နှုန်း (အသက်အုပ်စုအားလုံး)]



ငှက်ဖျားရောဂါ ကူးစက်မှုရှိသော ဒေသများတွင် နေထိုင်သူများအတွင်း ငှက်ဖျားရောဂါနှင့် သက်ဆိုင်သော ထိရောက်သော ကာကွယ်ကုသမှု နည်းလမ်းများကို အသုံးပြုနိုင်သည့် လူဦးရေအချိုးကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

ငှက်ဖျားဒေသတွင် နေထိုင်သည့် ငါးနှစ်အောက်ကလေး ဆေးစိမ်ခြင်ထောင် အသုံးပြုသော ရာခိုင်နှုန်း (တစ်နိုင်ငံလုံး)



ငှက်ဖျားဒေသတွင် နေထိုင်သည့် ငါးနှစ်အောက်ကလေး ဖျားနာသူများ အနက် ထိရောက်သော ကုသမှုရရှိသည့် ရာခိုင်နှုန်း (တစ်နိုင်ငံလုံး)



ငှက်ဖျားဒေသ၌ ဆေးစိမ်ခြင်ထောင် လွှမ်းခြုံမှုရာခိုင်နှုန်း



စာမျက်နှာ ၁၁ ကော်လံ ၁ သို့

20-10 (10).pmd 1 10/20/2008, 2:37 AM

အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ပေးနေသည့် ရွှေပေါက်ကံ စက်မှုဇုန်

သတင်းဆောင်းပါး - မောင်ချစ်ကြည် ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - ကျင်သန်းဦး

ရန်ကုန် အောက်တိုဘာ ၁၉

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများသည်လည်း အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များကို နိုင်ငံတော်က အားပေးခဲ့သည့်အတွက် ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းလုပ်ကိုင်ခွင့်အခွင့်အလမ်းများ ရရှိခဲ့သည်။

အဆင်ပြေ

ထိုသို့ စီးပွားရေးလုပ်ငန်းရှင်များကို တစုတစည်းတည်း ပေါင်းစည်းကာ နိုင်ငံတော်က စက်မှုဇုန်များကို ထူထောင်ပေးခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်း စက်မှုဇုန်များ ပေါ်ထွက်လာခဲ့သည်ဖြစ်ရာ နယ်မြေဒေသအသီးသီးရှိ တိုင်းရင်းသား လုပ်ငန်းရှင်များအတွက် လုပ်ငန်းများ လုပ်ကိုင်ရာတွင် များစွာအဆင်ပြေမှုဖြစ်ခဲ့သည်။

နိုင်ငံတော်က ထူထောင်ပေးခဲ့သည့် စက်မှုဇုန်များအနက် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန်လည်း တစ်ခုအပါအဝင်ဖြစ်ရာ ရွှေပေါက်ကံစက်မှုဇုန်နှင့် ပတ်သက်သည့် အကြောင်းအရာများကို သိရှိနိုင်ရန် ရွှေပေါက်ကံစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ရွှေပေါက်ကံစက်မှုဇုန်ကို ၁၉၉၀-၁၉၉၁ခုနှစ်မှာ စတင်တည်ထောင်ခဲ့တာဖြစ်ပြီး မြေဧက အကျယ်အဝန်းက ၉၄ ဒသမ ၆၄ ဧက ကျယ်ဝန်းပါတယ်။ တကယ်တမ်းစက်မှုဇုန်အဖြစ် စတင်တည်ထောင်နိုင်ခဲ့တာကတော့ ၁၉၉၈ခုနှစ် ဩဂုတ် ၁၂ရက်ကဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များအတွက် မြေကွက်ပေါင်း ၆၆၉ကွက်ကို ဖော်ထုတ်ခဲ့ပါတယ်"ဟု ဦးသန်းဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ချောမွေ့

ရွှေပေါက်ကံစက်မှုဇုန်မှာ ထူးထူးခြားခြား အနေဖြင့် လူနေရပ်ကွက်များနှင့် နီးကပ်လျက်ရှိရာ အလုပ်သမားအတွက် သွားလာရေး အဆင်ပြေစေသည်။ ရွှေပေါက်ကံစက်မှုဇုန်၏ တည်နေရာကို ကြည့်လျှင် မြောက်ဘက်၌ရန်ကုန်စက်မှုဇုန်(မင်္ဂလာဒုံ) အရှေ့ဘက်၌ ရွှေပေါက်ကံမြို့သစ်၏ ၁၆ ရပ်ကွက်၊ ၁၇ ရပ်ကွက်နှင့် ၂၀ ရပ်ကွက်၊ အနောက်ဘက်၌ ဒနင်းရိုးချောင်းနှင့် တောင်ဘက်၌ ပုဂံလမ်းမတို့ တည်ရှိရာ ခရီးလမ်းဆက်သွယ်ရေး ချောမွေ့လျက်ရှိသည်။

"ရွှေပေါက်ကံစက်မှုဇုန်အတွင်းမှာစက်ရုံအလုပ်ရုံပေါင်း ၂၅၄ရုံက လုပ်ငန်းများ ပုံမှန်လည်ပတ်နေပါတယ်။ တည်ဆောက်ပြီးနေပြီဖြစ်တဲ့ စက်ရုံအလုပ်ရုံက ၆၇ရုံရှိနေပြီဖြစ်သလို တည်ဆောက်ဆဲ စက်ရုံအလုပ်ရုံပေါင်းက ၅၇ရုံရှိနေပါတယ်။ ရွှေပေါက်ကံစက်မှုဇုန်မှာ လက်ရှိ အလုပ်လုပ်ကိုင်နေကြတဲ့ အလုပ်သမားဦးရေကတော့ အမျိုးသား ၂၄၈၂ဦးနဲ့ အမျိုးသမီး ၃၉၀၉ဦး ရှိနေတာမို့ စုစုပေါင်း အလုပ်သမားဦးရေ ၆၃၉၁ဦးတို့ လုပ်ငန်းခွင် အသီးသီးမှာ ဝင်ရောက် လုပ်ကိုင်နေကြပါတယ်" လို့ ဦးသန်းဝင်းက ဆက်လက်ရှင်းပြသည်။

ရွှေပေါက်ကံစက်မှုဇုန်အတွင်း လိုက်လံလေ့လာကြည့်ရာ လမ်းများကောင်းမွန်ပြီး သပ်ရပ်သန့်ရှင်းသော စက်ရုံ၊ အလုပ်ရုံများကိုတွေ့ရသည်။ မြေအကျယ်အဝန်းနှင့် အံဝင်ခွင်ကျဖြစ်အောင် တည်ဆောက်ထားသော စက်ရုံအလုပ်ရုံများ၊ လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေသော အလုပ်သမားများ၊ ကုန်ကြမ်းပစ္စည်းများ တင်ဆောင်လာသော ကုန်တင်မော်တော်ယာဉ်ကြီးများ၊ ကုန်ချောပစ္စည်းများကို သယ်ဆောင်သွားသော ထရပ်ကားကြီးများ ဝင်ထွက်သွားလာနေမှုများကို လှုပ်လှုပ်ရှားရှား မြင်တွေ့ခဲ့ရသည်။

အရှိန်အဟုန်

ရွှေပေါက်ကံစက်မှုဇုန်တွင် လျှပ်စစ်ပစ္စည်းရှစ်မျိုးထုတ်လုပ်လျက်ရှိသည့် UPTလျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံနှင့် SSI ဆေးဝါးပစ္စည်းစက်ရုံတို့မှာလည်း ထုတ်ကုန်ပစ္စည်းများ အဆက်မပြတ်ထုတ်လုပ်လျက်ရှိသည်ကို တွေ့ရသည်။ ထို့အပြင် အဝတ်အထည်၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်း၊ သစ်နှင့် သစ်အချောထည်ထုတ်လုပ်ရေးလုပ်ငန်း၊ စက္ကူနှင့် စာရေးကိရိယာမျိုးစုံ ထုတ်လုပ်သည့်လုပ်ငန်း၊ ရေသန့်ထုတ်လုပ်ရေးစက်ရုံများကလည်း လုပ်ငန်းများ အရှိန်အဟုန်ဖြင့် လည်ပတ်လျက်ရှိသည်ကို တွေ့ရသည်။

"ရွှေပေါက်ကံစက်မှုဇုန်အတွင်းမှာ စက်ရုံအလုပ်ရုံပေါင်း ၂၅၄ရုံက လုပ်ငန်းများ ပုံမှန်လည်ပတ်နေပါတယ်"

ဦးသန်းဝင်း

ရွှေပေါက်ကံစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ

နိုင်ငံတော်က လမ်းညွှန်မှုပြုထားသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အမြတ်ရရှိရေးဦးမတည်ဘဲ နိုင်ငံသားများ ဈေးနှုန်းချိုသာစွာဖြင့် ပစ္စည်းများ သုံးစွဲနိုင်ရေး၊ အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေး၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမြင့်မားသည် ထက်မြင့်မားအောင် အစဉ်လေ့လာတီထွင်ထုတ်လုပ်ရန်ဆိုသည့်အတိုင်း ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များကလိုက်နာထုတ်လုပ်ရန်လိုအပ်လျက်ရှိရာ ရွှေပေါက်ကံစက်မှုဇုန်အနေဖြင့် သတ်မှတ်ထားသော စံချိန်စံညွှန်းများပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေးလျက်ရှိပါကြောင်း ကွင်းဆင်းရေးသား ဖော်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

ရွှေပေါက်ကံစက်မှုဇုန် စက်ရုံတစ်ရုံကို ဤသို့ တွေ့ရသည်။

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

မြန်မာနိုင်ငံ ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်သည်အောက်ပါနည်းဗျူဟာများကိုချမှတ်၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(၁) ကျေးလက်ဒေသ အောက်ခြေအထိ ငှက်ဖျားရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးခြင်း၊

(၂) ဆေးစိမ်ခြင်ထောင်များဖြန့်ဝေခြင်း၊ ရှိရင်းစွဲခြင်ထောင်များကို ဆေးစိမ်ပေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပိုးလောက်လမ်းနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းရပ်များကို ဒေသအလိုက် ကူးစက်ဖြစ်ပွားမှု အခြေအနေနှင့် စွမ်းအားစု အရင်းအမြစ်များ ရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ခြင်း၊

(၃) ကပ်ရောဂါများဖြစ်ပွားမှုမှ ကာကွယ်ခြင်းနှင့် ဖြစ်ပွားပါကလည်း ချက်ချင်းထိရောက်စွာနှိမ်နင်းခြင်း၊

(၄) ငှက်ဖျားရောဂါကြောင့် သေဆုံးမှု ကျဆင်းရေးအတွက် စောစီးစွာ ရောဂါဖော်ထုတ်၍ ထိရောက်သော ကုသမှုပေးခြင်း၊

(၅) ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်တန်းများပို့ချခြင်း၊

(၆) ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြု အချက်အလက်များ ဖော်ထုတ်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၇) နီးနွယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၈) ပြည်သူလူထုအခြေပြု ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ တီဘီဖြစ်ပွားမှုနှုန်း၊ သေဆုံးနှုန်းကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

မြန်မာနိုင်ငံ "တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံး"ဖြင့် တီဘီရောဂါ ရှာဖွေတွေ့ရှိနှုန်း၊ ဆေးကုသပျောက်ကင်းနှုန်းနှင့် ဆေးကုသ အောင်မြင်နှုန်းတို့ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

တီဘီရောဂါရှာဖွေတွေ့ရှိနှုန်း (ရာခိုင်နှုန်း)



တီဘီရောဂါ ဆေးကုသပျောက်နှုန်း(ရာခိုင်နှုန်း)



တီဘီရောဂါ ဆေးကုသအောင်မြင်နှုန်း(ရာခိုင်နှုန်း)



ထောင်စုနှစ် ရည်မှန်းချက်ပြည့်မီရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အောက်ပါ (STOP TB Strategy) နည်းဗျူဟာကို ၂၀၀၅ ခုနှစ်မှစတင်၍ တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်-

(၁) အရည်အသွေးပြည့်ဝသော "တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု" နည်းဗျူဟာကို အကောင်အထည်ဖော်ခြင်း၊

(၂) တီဘီ/အိတ်ချ်အိုင်ဗွီနှင့် တီဘီဆေးယဉ်ပါးသော လူနာများအား ကုသမှုပေးခြင်း၊

(၃) ကျန်းမာရေးစနစ် မြင့်တင်သောလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၄) ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေသူ အားလုံး တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(၅) ပြည်သူလူထုနှင့် တီဘီလူနာများအား တီဘီရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(၆) တီဘီရောဂါ တိုက်ဖျက်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

(ဆက်လက်ဖော်ပြပါမည်)

မန်ယူနဲ့ ဇင်းနစ်က ပရိသတ်တွေကို ကျေနပ်မှုအပြည့်ပေးဆပ်ပြမယ့် ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်(၃)ပွဲကြို သုံးသပ်ချက်

ချန်ပီယံလိဂ်အကြို - ထွန်းထွန်းဦး(လှိုင်) စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၁၉

နှစ်ပွဲကစားပြီးသွားတဲ့ ချန်ပီယံလိဂ်အုပ်စုအဆင့်ပြိုင်ပွဲတွေမှာ အသင်းတိုင်းဟာ ရပ်တည်ချက်တွေကို အကောင်အထည်ဖော်ဖို့ အခြေအနေပေးလာပြီဖြစ်တယ်။ ဒါကြောင့်လည်းပဲ အခြေအနေကောင်းနေတဲ့ အသင်းတွေဟာ လက်ရှိရပ်တည်နေတဲ့နေရာမှာ စွဲမြဲခိုင်မာစေဖို့ကို အခု ကစားမယ့် ပွဲစဉ်(၃) ချန်ပီယံလိဂ်အုပ်စုအဆင့်ပြိုင်ပွဲတွေမှာ အားစိုက်ရုန်းပါပြီ။ အသင်းကြီးတချို့ဟာ ပွဲချောင်ပေမယ့် အများစုကတော့ ပွဲကျပ်တွေနဲ့တိုးနေကြပါတယ်။ ဂျူဗင်တပ်-ရီးယဲလ်၊ ဖီနာဘာချီ-အာဆင်နယ်၊ မန်ယူ-ဆဲလ်တစ်၊ ဘိုင်ယန်မြူးနစ်-ဖီအိုရင်တီးနား ပွဲစဉ်တွေဟာ ပရိသတ်ကိုဖမ်းစားနေတဲ့ အောက်တိုဘာ ၂၁နဲ့ ၂၂ရက်မှာ ကစားမယ့် ချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ်(၃)ရဲ့ ပထမနေ့ပွဲစဉ်များပဲ ဖြစ်နေပါတယ်။

အုပ်စု (င)

ဗီလာရီးယဲလ်-အားလ်ဘော့ဂ်

ဒိန်းမတ်ကလပ်ဖြစ်တဲ့ အားလ်ဘော့ဂ်က နှစ်ပွဲကစားပြီးချိန်မှာ အခုထိ နိုင်ပွဲမရှိသေးပါဘူး။ သရေတစ်ပွဲပဲ ရထားသေးတယ်။ ဒီပွဲမှာလည်း ကစားအားချင်းကွာနိုင်လို့ အားလ်ဘော့ဂ်ဟာ ခံစစ်ကိုပဲ အထူးပြုကစားမယ့်ပုံပါ။ ဗီလာရီးယဲလ်ကတော့ ဆဲလ်တစ်နဲ့ပွဲကလို အခြေအနေမဆိုးရအောင်လို့ သေချာဂရုစိုက်ကစားပြမှာပါ။ ရပ်တည်မှုကလည်း အုပ်စုဆင့်မှာ အဆင့်(၂) ရထားတော့ နေရာနဲ့ ရပ်တည်မှုခိုင်မာဖို့ကို လုပ်ပြမယ့် အိမ်ရှင်ဟာ တိုက်စစ်သီးသန့်ဖွင့်ကစားမှာ ဖြစ်နေပြန်တယ်။ ဒါကြောင့် အားလ်ဘော့ဂ်အတွက် ဗီလာရီးယဲလ်ကို သရေတောင်ကစားဖို့ မလွယ်တဲ့ပွဲလို့ဆိုရမယ်။ အိမ်ရှင်အလေးသာပါတယ်။

မန်ယူ-ဆဲလ်တစ်

မန်ယူနဲ့ မကြာခဏပြိုင်ပွဲတွေမှာ ဆုံတွေ့ခဲ့ဖူးတဲ့ ဆဲလ်တစ်ကတော့ ဒီတစ်ခါမှာ အိမ်ရှင်ကို အသာစီးနဲ့ အဝေးကွင်းမှာ အခက်တွေ့အောင်လုပ်ဖို့ မလွယ်လှဘူး။ ပထမတစ်ချက်က ဆဲလ်တစ်မှာ တိုက်စစ်မှူး ဟက်ဆယ်လင့် ဒဏ်ရာကြောင့် မကစားနိုင်ခြင်း၊ ဒုတိယအချက်က ဂျပန်သား နာကာမူရာတစ်ယောက် အိမ်ကို လွမ်းဖျားလွမ်းနာကျ၍ မနှစ်က ခြေစွမ်းပြန်မရခြင်း၊ တတိယအချက်က ဆဲလ်တစ်ပြိုင်ဘက်ဖြစ်တဲ့ မန်ယူဟာ ခြေစွမ်းပိုင်းမှာ အချိတ်အဆက်မိလာခြင်း၊ စတုတ္ထအချက်က အိုးထရက်ဖို့ဒ်မှာ ဆဲလ်တစ်လာကစားရခြင်းတို့ကြောင့် ဆဲလ်တစ်ဟာ မန်ယူကိုယှဉ်ဖို့ အခက်ကြုံရနိုင်တယ်။ ဆဲလ်တစ်ကို မန်ယူကသာ ရွန်နေ၊ ဘာဘာတော့ဗ်တို့ရဲ့ ထိုးဖောက်အားနဲ့ ဒုက္ခပေးဖွယ်ရှိတယ်။ မန်ယူအနေနဲ့ အခုပွဲ အနိုင်ယူကစားဖို့ ခိုင်မာနေလို့ ဆဲလ်တစ်ကိုမေ့ထားပြီး မန်ယူပဲ သုံးမှတ်ပေးလိုက်ပါတယ်။

အုပ်စု(စ)

စတူအာဘူခါရက်-လီယွန်

စတူအာဘူခါရက်အနေနဲ့ အိမ်ရှင်ဆိုပေမယ့် အိမ်ကွင်းအားသာချက်ကို ထိထိမိမိနဲ့ ယူကစားနိုင်စွမ်းနည်းပါးလို့ လီယွန်ကို အသာရအောင်လုပ်ဖို့ မလွယ်လှဘူး။ လီယွန်ရဲ့ ကစားအားဟာ စတူအာဘူခါရက်ထက် မနိမ့်ပေမယ့် တန်ပြန်တိုက်စစ်ပိုင်းမှာ ပိုပြီးတော့ သွက်သွက်လက်လက်ရှိပါတယ်။ ဘန်ဇီမာ၊ ဂျူနင်ဟို စတဲ့ ကစားသမားတွေဟာ အခွင့်သာရင် သာသလို ဂိုးပေါက်ရှာတွေ့အောင် လုပ်နိုင်သေးတယ်။ ဘိုင်ယန်မြူးနစ်နဲ့ပွဲမှာ ကစားသွားသလို စတူအာမြေမှာ ကစားနိုင်ပါတယ်။ ဒါကြောင့် စတူအာဘူခါရက်ထက် လီယွန်ကိုပဲ ယုံသင့်တယ်။

ဘိုင်ယန်မြူးနစ်-ဖီအိုရင်တီးနား

ဘိုင်ယန်မြူးနစ်ရဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ ဖီအိုရင်တီးနားရဲ့ ခြေစွမ်းပိုင်းဟာ ကွာခြားနေပါတယ်။ ဘိုင်ယန်ဟာ အသင်းလိုက်ကစားပုံကျနေပြီး နည်းစနစ်ပိုင်းမှာလည်း အချိတ်အဆက်လွဲနေတယ်။ ဖီအိုရင်တီးနားကတော့ နည်းပြ ပရင်ဒယ်လီလက်ထဲမှာ အခြေအနေမဆိုးဘူး။ ဒါကြောင့် ရလဒ်ပိုင်းတွေညံ့နေလို့ ဝေဖန်ခံနေရတဲ့ ဘိုင်ယန်ကတော့ အညံ့တွေထဲကလွတ်အောင် ဖီအိုရဲ့ ထိုးဖောက်မှုကို ထိန်းချုပ်ရပါလိမ့်မယ်။ ဘိုင်ယန်အနေနဲ့ အိမ်ရှင်ဆိုပေမယ့်လည်း ခံစစ်မာတဲ့ ဖီအိုရင်တီးနားကို လွယ်လွယ်နဲ့ အသာရအောင် ယှဉ်ဖို့ဆိုတာ ခက်နေနိုင်ပါသေးတယ်။ ဖြစ်နိုင်ခြေရှိတာကတော့ လူကာတိုနီ၊ ကလိုဆေး၊ ရှဝိန်းစတိုက်ဂါးနဲ့ ရစ်ဘာရီတို့ အနာခံကစားပါမှ ပွတ်ကာသီကာ အိမ်ရှင်နိုင်မယ့်ပွဲပါပဲ။

အုပ်စု(ဆ)

ဖီနာဘာချီ-အာဆင်နယ်

လူငယ်နဲ့ လူကြီး ကစားသမားတွေယှဉ်ပြိုင်ကစားရမယ့် ပြိုင်ပွဲတစ်ခုဖြစ်ပါတယ်။ သမ္မာနဲ့လျှင်မြန်မှု အားပြိုင်ပွဲမှာ အသာရမယ့်အသင်းကို ခွဲထုတ်ရမယ့်ပွဲမျိုးဆိုလဲ မမှားဘူး။ လောလောဆယ်မှာ ဖီနာဘာချီရလဒ်ပိုင်း မလှသလို၊ နည်းပြ အရာဂိုးနက်စ်လဲ ရှေ့ရေးမငြိမ်ပါဘူး။ ဒါကြောင့်မို့ အိမ်ကွင်းအားသာချက်နဲ့ အာဆင်နယ်ကို ယှဉ်ပြိုင်ဖွယ်ရှိတယ်။ အာဆင်နယ်ကတော့ အဒီဘာယောတို့၊ ဖာဂရီဂတ်စ်တို့ အားနဲ့ပဲ ရုန်းကန်ရမှာပါ။ အဓိက ကစားသမားတချို့လည်း အာဆင်နယ်မှာ ဒဏ်ရာရနေတော့ ဖီနာဘာချီအတွက် အခွင့်အရေးတစ်ခုရသလို ဖြစ်နေတယ်။ ဒါကြောင့် ဖီနာဘာချီပဲ အာဆင်နယ်ကို အသာရအောင် အိမ်ကွင်းမှာ ကစားလိမ့်မယ်။ အာဆင်နယ်ထက် အိမ်ရှင်ကို ပိုသဘောတွေ့မိတယ်။

ပေါ်တို-ဒိုင်နမိုကိဗ်

ပေါ်တိုက အုပ်စုရပ်တည်မှုဇယားမှာ အဆင့်(၂)ရှိနေတော့ နေရာလေးပိုပြီးခိုင်မြဲဖို့ စဉ်းစားလာပြီ။ ဒါကြောင့်လဲ ယူကရိန်းကလပ် ဒိုင်နမိုကိဗ်ဆီကနေ အနိုင်သုံးမှတ်ရယူဖို့အတွက် အိမ်ကွင်း အားသာချက်တစ်ခုတည်းနဲ့ သေချာဂရုစိုက်ကစားပါပြီ။ ကစားသမားကောင်းတွေ နည်းပါးပေမယ့်လည်း ပေါ်တိုဟာ ပရိသတ်အားနဲ့ဆိုရင် ပိုပြီးခြေစွာလေ့ရှိတယ်။ ဒီတစ်ချက်တည်းနဲ့ပဲ ပေါ်တိုကို ဒိုင်နမိုကိဗ် အဝေးကွင်းမှာ ကစားရခက်ပြီ။ သုံးသပ်မိတာကတော့ ပေါ်တိုကပဲ လိုချင်တာကို ဒိုင်နမိုကိဗ်ဆီကနေ အရယူသွားလိမ့်မယ်။ ပေါ်တိုပဲ အားပေးကြပါစို့။

အုပ်စု(ဇ)

ဇင်းနစ်-ဘိုရီဇော့ဗ်

ဇင်းနစ်ဟာ အသင်းကြီးနှစ်သင်းနဲ့စပြီး တာထွက်ရတာကြောင့် ရလဒ်တွေဆိုးပြီး နိုင်ပွဲမရသေးဘူး။ ဒါပေမယ့်လည်းပဲ ဒီတစ်ခါမှာ ပြိုင်ဘက် ဘိုရီဇော့ဗ်ဆီကနေ ဇင်းနစ် အနိုင်သုံးမှတ်ယူဖို့ ဂရုစိုက်ကြိုးစားမယ့်ပုံပါ။ ဘိုရီဇော့ဗ်ရဲ့ခြေစွမ်းဟာ အခြေအနေမဆိုးလှပေမယ့် ဇင်းနစ်လိုအသင်းဆီကနေ တစ်မှတ်လုယူဖို့ မဖြစ်နိုင်ဘူး။ ဇင်းနစ်က လက်ကျန်ပွဲတွေမှာ အားစိုက်ရုန်းပြီး နောက်တစ်ဆင့်တက်ဖို့ လုပ်ရမှာဆိုတော့ သေချာပေါက် ဘိုရီဇော့ဗ်ဆီကနေ အနိုင်ရအောင် လုယူမှာပါ။ သွင်းဂိုးအသာနဲ့ ဇင်းနစ် နိုင်သွားနိုင်ပါတယ်။

ဂျူဗင်းတပ်စ်-ရီးရဲလ်မက်ဒရစ်

အသင်းကြီးနှစ်သင်းဆုံတဲ့ပွဲပါ။ ဒီပွဲဟာ အကြိတ်အနယ်နဲ့ ကစားရနိုင်ပြီး ဘူဖွန်နဲ့ ကာဆီးလက်စ်တို့လို ဂိုးသမားကောင်းတွေရှိနေလို့ နစ္စတယ်ရိုင်းနဲ့ အမော်ရီတို့လို ကစားသမားတွေ ဂိုးသွင်းရတာ ခက်နိုင်ပါသေးတယ်။ ရီးရဲလ်အနေနဲ့ အုပ်စုအတွင်းမှာ ကစားအားအပိုင်း ထက်မြက်မှု နည်းနေသလို ရီးရဲလ်မက်ဒရစ်လိုပဲ အိမ်ရှင်ဖြစ်တဲ့ ဂျူဗင်းတပ်စ်ကလဲ ခြေစွမ်းမမှန်ဘူး။ ဒါပေမယ့် အိမ်ရှင်အခွင့်အရေးနဲ့ အုပ်စုတွင်းမှာ ထိပ်ဆုံးနေရာကနေ ရပ်တည်နေနိုင်အောင်တော့ နည်းပြ ရေနီယာရီ လုပ်ယူဖွယ်ရှိနေပေမယ့် လွယ်တော့မလွယ်ပါဘူး။ ဖြစ်နိုင်ခြေကတော့ တစ်မှတ်စီ ခွဲယူကြရမယ့်ပွဲပါပဲ။ ။ (မြန်မာ့အလင်း)

ရွှန်နေ ဂိုးသွင်းယူ

ချန်ပီယံလိဂ် အုပ်စု ပွဲစဉ် အဖြစ် မန်ယူနှင့် အားဘော့ အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ မန်ယူ တိုက်စစ်မှူး ရွှန်နေ ဤသို့ ဂိုးသွင်းယူခဲ့ သည်။

E အုပ်စုရပ်တည်မှု အနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
မန်ယူ	၂	၁	၁	၀	၃	၀	၄
ဗီလာရီးယဲလ်	၂	၁	၁	၀	၁	၀	၄
ဆဲလ်တစ်	၂	၀	၁	၁	၀	၁	၁
အားလ်ဘော့ဂ်	၂	၀	၁	၁	၀	၃	၁

F အုပ်စုရပ်တည်မှု အနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဘိုင်ယန်မြူးနစ်	၂	၁	၁	၀	၂	၁	၄
လီယွန်	၂	၀	၂	၀	၃	၃	၂
ဖီအိုရင်တီးနား	၂	၀	၂	၀	၂	၂	၂
စတူအာဘူခါရက်	၂	၀	၁	၁	၀	၁	၁

G အုပ်စုရပ်တည်မှု အနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
အာဆင်နယ်	၂	၁	၁	၀	၅	၁	၄
ပေါ်တို	၂	၁	၀	၁	၃	၅	၃
ဒိုင်နမိုကိဗ်	၂	၀	၂	၀	၁	၁	၂
ဖီနာဘာချီ	၂	၀	၁	၁	၁	၃	၁

H အုပ်စုရပ်တည်မှု အနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ရီးရဲလ်မက်ဒရစ်	၂	၂	၀	၀	၄	၁	၆
ဂျူဗင်းတပ်စ်	၂	၁	၁	၀	၃	၂	၄
ဘိုရီဇော့ဗ်	၂	၀	၁	၁	၂	၄	၁
ဇင်းနစ်	၂	၀	၀	၂	၁	၃	၀

တန်းတက်အသင်း ဟူးလ်စီးတီး တတိယနေရာသို့ ခုန်တက်လာနိုင်

မြင့်မောင်စိုး စုစည်းသည်

လန်ဒန် အောက်တိုဘာ ၁၉

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ်(၈) ဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ ၁၉ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ တန်းတက်အသင်း ဟူးလ်စီးတီးအသင်းက အိမ်ကွင်း၌ ဝက်စ်ဟမ်းအသင်းကိုတစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အမှတ်ပေးဇယား တတိယနေရာသို့ ပြန်လည်ရောက်ရှိလာသည်။

ဟူးလ်စီးတီးအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို မိုက်ကယ် တန်းနားက သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ ဝက်စ်ဟမ်း ကစားသမားများဖြစ်ကြသည့် ကာတန်ကိုးလ်နှင့် အီလွန်ဂါတို့သည် ပထမပိုင်းတွင် ဂိုးသွင်းခွင့်များ ရရှိခဲ့ကြသော်လည်း ဂိုးဝင်အောင် မသွင်းနိုင်ခဲ့ကြချေ။

ဟူးလ်စီးတီးအသင်းအတွက်အနိုင်ဂိုးကို တန်းနားက ဒုတိယပိုင်းတွင်ဒေါ်ဆင်၏ ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဟူးလ်စီးတီးအသင်းသည် ယင်းပွဲ အနိုင်ရရှိခဲ့ခြင်းသည် သုံးပွဲဆက်တိုက် အနိုင်ရရှိခဲ့ခြင်းလည်းဖြစ်သည်။

ယှဉ်ပြိုင်

ဟူးလ်စီးတီး အသင်း နှင့် ဝက်စ် ဟမ်း အသင်း တို့ ဤသို့အကြိတ်အနယ် ယှဉ်ပြိုင် ခဲ့ ကြ သည်။

စတုတ်-တော့တင်ဟမ်

တန်းတက်အသင်းတစ်သင်းဖြစ်သည့် စတုတ်အသင်းနှင့် တော့တင်ဟမ် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ စတုတ်အသင်းက အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

တော့တင်ဟမ်အသင်းမှ ဂါးရက်ဘေးလ်နှင့် မိုက်ကယ်ဒေါ်ဆင်တို့ သွင်းယူခဲ့သည့်ဂိုးများ လွဲချော်ခဲ့သဖြင့် တော့တင်ဟမ်တို့ နိုင်ပွဲနှင့် လွဲချော်ခဲ့ရသည်။

ပထမပိုင်းစတင်ကစားပြီး မကြာမီမှာပင် ဂါးရက်ဘေးလ်က စတုတ် ကစားသမား တွန်ဆိုးရက်စ်အား ဂိုးဧရိယာအတွင်း ကြမ်းတမ်းစွာ ကစားခဲ့သဖြင့် အနီကတ်ပြ ထုတ်ပယ်ခြင်းခံရသည်။ စတုတ်အသင်းအတွက် ရရှိသောပယ်နယ်တီကို ဒန်နီက သွင်းယူပေးခဲ့သဖြင့် စတုတ်အသင်း အဖွင့်ဂိုးရရှိခဲ့သည်။ သို့သော် တော့တင်ဟမ်အသင်း အတွက် ဒါရင်းဘင့်က ပွဲချိန် ၂၅မိနစ်တွင် ချေပဂိုးသွင်းယူခဲ့သည်။

စတုတ်အသင်းသည် ဒုတိယပိုင်းတွင် ၁၀ဦးတည်းဖြင့်ကစားသည့် တော့တင်ဟမ်အား တိုက်စစ်အရှိန်မြှင့်တင်ကစားခဲ့ရာ ပွဲချိန် ၅၃မိနစ်၌ ဒီလက်က အနိုင်ဂိုး သွင်းယူခဲ့သဖြင့် ပွဲအပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ (အင်တာနက်)

ပွဲစဉ်(၈)အပြီး ပရီမီယာလိဂ်အသင်းများ၏ရပ်တည်မှုရလဒ်

စဉ်	အသင်း	နိုင်	သရေ	ရှုံး	ရမှတ်
၁	ချယ်လ်ဆီး	၆	၂	၀	၂၀
၂	လီဗာပူး	၆	၂	၀	၂၀
၃	ဟူးလ်	၅	၂	၁	၁၇
၄	အာဆင်နယ်	၅	၁	၂	၁၆
၅	မန်ယူ	၄	၂	၁	၁၄
၆	အက်စ်တွန်ဗီလာ	၄	၂	၂	၁၄
၇	ပို့စ်မောက်	၄	၁	၃	၁၃
၈	ဝက်စ်ဟမ်း	၄	၀	၄	၁၂
၉	ဘလက်ဘန်း	၃	၂	၃	၁၁
၁၀	ဝက်စ်ဘရွန်း	၃	၁	၄	၁၀
၁၁	မန်စီးတီး	၃	၀	၄	၉
၁၂	ဆန်းဒါးလန်း	၂	၃	၃	၉
၁၃	မစ်ဒယ်ဘရော့	၃	၀	၅	၉
၁၄	ဝီဂန်	၂	၂	၄	၈
၁၅	ဘော်လ်တန်	၂	၂	၄	၈
၁၆	အဲဗာတန်	၂	၂	၄	၈
၁၇	ဖူလ်ဟမ်	၂	၁	၄	၇
၁၈	နယူးကာဆယ်	၁	၂	၄	၅
၁၉	စတုတ်	၁	၁	၅	၄
၂၀	တော့တင်ဟမ်	၀	၂	၅	၂

KMD Computer Centre
i-Office : i-Office 2007 : Graphic Design : Desktop Publishing : Email & Web Design
LCCI Computerised Accounting : Special Effect : Acspec Plus : Basic Software Engineering
Practical A+ : AutoCAD 2007 : AutoCAD 3D : Programming (C, C++, Java, VB.net, ASP, MS Access, Excel)

Golden Star

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား



မန်ယူတိုက်စစ်မှူးရွန်နေ ဘဝတွင် အကောင်းဆုံးဖြစ်လာဟုဆို

လန်ဒန် အောက်တိုဘာ ၁၉

မန်ယူတိုက်စစ်မှူးရွန်နေသည် ယခုသီတင်းပတ်အတွင်း နိုင်ငံကိုယ်စားပြု အင်္ဂလန်အသင်းရော၊ ကလပ်အသင်း မန်ယူမှာပါ ခြေစွမ်းပြကစားခဲ့ပြီး ဂိုးများသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဘဝတွင် အကောင်းဆုံး ဘောလုံးသမားဖြစ်လာသည်ဟု ယုံကြည်မိကြောင်း ၎င်းက ပြောကြားသည်။(ဝဲပုံ)

ရွန်နေသည် ယခုနှစ်ဘောလုံးရာသီ ပထမဆုံးကလပ်ပွဲစဉ် ခြောက်ပွဲကစားခဲ့ရာတွင် ဂိုးသွင်းနိုင်ခဲ့ခြင်း မရှိသော်လည်း ပြီးခဲ့သည့်ကလပ်နှင့် နိုင်ငံကိုယ်စားပြုပွဲစဉ် ခြောက်ပွဲတွင် ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ယုံကြည်

မိမိအနေဖြင့် ရရှိထားသည့် အတွေ့အကြုံများနှင့် အကောင်းဆုံး ခြေစွမ်းကို ဆက်လက်ထိန်းထားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ရွန်နေက ပြောကြားသည်။

မိမိသည် ပွဲစဉ်တိုင်းအကောင်းဆုံး ကစားပေးနိုင်ရန်အတွက် လေ့ကျင့်မှုကို မပျက်မကွက်ပြုလုပ်လျက်ရှိကြောင်း ပြောကြားသည်။

ရွန်နေသည် အောက်တိုဘာ၁၈ရက်က မန်ယူနှင့် ဝက်စ်ဘရွန်းတို့ကစားသည့်ပွဲတွင် စီရိုနယ်ဒိုနှင့် နာနီတို့အား ဂိုးများသွင်းယူနိုင်ရန် အကွက်ဆင်ဖန်တီးပေးခဲ့သူလည်း ဖြစ်သည်။ (အင်တာနက်)

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားအဖြစ် ရာဖေးလ်နာဒယ် ဆက်လက်ရပ်တည်မည်

ကမ္ဘာ့နံပါတ်တစ်တင်းနစ် အားကစားသမား ရာဖေးလ်နာဒယ်

မက်ဒရစ် အောက်တိုဘာ ၁၉

ကမ္ဘာ့နံပါတ်တစ်တင်းနစ်အားကစားသမားရာဖေးလ်နာဒယ်သည် မက်ဒရစ်မာစတာဖလားတင်းနစ်ပြိုင်ပွဲတွင် ဂါးလက်ဆီမွန်ကိုရှုံးနိမ့်သွားခဲ့သော်လည်း ယခုနှစ်ကုန်ပိုင်းအထိ ကမ္ဘာ့နံပါတ်တစ်နေရာအား စိုးမိုးထားနိုင်လိမ့်မည်ဟု ဆိုသည်။

ရှုံးနိမ့်

စပိန်နိုင်ငံသား ရာဖေးလ်နာဒယ်သည် မက်ဒရစ်မာစတာ တင်းနစ်ပြိုင်ပွဲတွင် ပြင်သစ်မှ ဂါးလက်ဆီမွန်အား ၃-၆၊ ၇-၅၊ ၇-၆ (၈-၆) ဖြင့် ရှုံးနိမ့်ခဲ့သည်။

သို့သော် ရော်ဂျာဖက်ဒ်ယားသည် မက်ဒရစ်မာစတာဖလား အကြို ဗိုလ်လုပွဲတွင်အင်ဒီမာရေးကို ရှုံးနိမ့်ခဲ့သဖြင့် ကမ္ဘာ့ထိပ်ဆုံးနေရာကို ဆက်လက်စိုးမိုးထားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ရာဖေးလ်နာဒယ်က ပြောကြားသည်။

ရာဖေးလ်နာဒယ်အား အနိုင်ရခဲ့သည့် ပြင်သစ်တင်းနစ်ကစားသမား ဆီမွန်သည် ကမ္ဘာ့အဆင့် ၉ သို့ တက်ရောက်လာသည်။ (အင်တာနက်)

ဗီးနပ်စ်ဝီလျံ ဇူးရစ်အိုးပင်းဖလားချိန်ပြီ

ဇူးရစ် အောက်တိုဘာ ၁၉

ဆွစ်ဇာလန်နိုင်ငံ၌ ဇူးရစ်အိုးပင်း တင်းနစ်ပြိုင်ပွဲတစ်ရပ် ကျင်းပလျက်ရှိရာ အမေရိကန်တင်းနစ်အားကစားမယ် ဗီးနပ်စ်ဝီလျံသည် ဆားဗီးယားတင်းနစ်အားကစားမယ် အီဗန်နိုဗစ်အား အနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

သုံးကြိမ်

ဗီးနပ်စ်ဝီလျံသည် ယင်းပြိုင်ပွဲတွင် ၄-၆၊ ၆-၃၊ ၆-၃ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ၎င်းဗိုလ်လုပွဲတွင် အီတလီတင်းနစ်အားကစားမယ် ပင်နက်တာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပင်နက်တာသည် အကြိုဗိုလ်လုပွဲတွင် စပိန်မှ မက်ဒီနာကို အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ပင်နက်တာသည် ဗီးနပ်စ်ဝီလျံနှင့် သုံးကြိမ်တိုင် ဆုံတွေ့ခဲ့ရာ သုံးကြိမ်စလုံး အနိုင်ရရှိခဲ့သည်။(ဝဲပုံ)

ဗီးနပ်စ်ဝီလျံသည် အဆိုပါဇူးရစ်အိုးပင်းဖလားကို ၁၉၉၉ ခုနှစ်က ဆွတ်ခူးခဲ့ဖူးသည်။ အီတလီတင်းနစ်အားကစားမယ် ပင်နက်တာအနေဖြင့် လွန်ခဲ့သောပြိုင်ပွဲများတွင် ဗီးနပ်စ်အားအနိုင်ရရှိခဲ့ခြင်းကြောင့် ပြိုင်ပွဲ၌ ဗိုလ်စွဲရန်မျှော်လင့်ထားသည်။

(အင်တာနက်)

စိန်ခေါ်သူ ဟုတ်ကင်းစ် ပက်ဗလစ်ကိုမယှဉ်သာ

အတ္တလန္တာစီးတီး အောက်တိုဘာ ၁၉

အမေရိကန် လက်ဝှေ့ကျော် ဘားနတ်ဟုတ်ကင်းစ်သည် အောက်တိုဘာ ၁၈ရက်က အတ္တလန္တာစီးတီး၌ တစ်နိုင်ငံတည်းသား ဒဗလျူဘီစီနှင့် ဒဗလျူဘီအိုချန်ပီယံ ကယ်လီပက်ဗလစ်နှင့် စိန်ခေါ်ထိုးသတ်ခဲ့သော်လည်း စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံအိပ်မက်မှာ ပျက်ပြယ်ခဲ့ရပြန်ပြီဖြစ်သည်။

အသက် ၄၃နှစ်ရှိ ဟုတ်ကင်းစ်**(အောက်ပုံ)**နှင့် အသက် ၂၆နှစ်ရှိ ပက်ဗလစ်တို့ ၁၂ချီ အကြိတ်အနယ်ထိုးသတ်ခဲ့ကြသည်။ ဟုတ်ကင်းစ်အနေဖြင့် ဝါသမ္ဘာအရ စိန်ခေါ်ထိုးသတ်အနိုင်ယူရန် ကြိုးစားခဲ့သော်လည်း အသက်ပို၍ ငယ်သည့် ပက်ဗလစ်ကို မယှဉ်နိုင် ဖြစ်ခဲ့ရသည်။

ရှောင်တိမ်းကာကွယ်

ဟုတ်ကင်းစ်နှင့် ပက်ဗလစ်တို့ ၁၂ ချီအပြည့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော်လည်း ဟုတ်ကင်းစ်သည် ပက်ဗလစ်၏ တရစပ်ထိုးကွက်များကို မနည်းတိမ်းရှောင်ကာကွယ်နေရသည်။

ပက်ဗလစ်က ဟုတ်ကင်းစ်အား အလဲထိုးအနိုင်မယူနိုင်ခဲ့သော်လည်း ဒိုင်လူကြီးသုံးဦးစလုံးက ထိုးကွက်အမှတ်အသာဖြင့် အနိုင်ပေးခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း သဘာဝဘေး အင်တာနက်ဖောင်ပိတ်သတင်း

တွန်ဂါကျွန်း၌ အားပြင်းငလျင်လှုပ်

နုကုအလော့ဖာ(တွန်ဂါ) အောက်တိုဘာ ၁၉

ပစိဖိတ်သမုဒ္ဒရာအောက်တွင် အောက်တိုဘာ ၁၉ရက်က ရစ်ချ်တာစကေး ၇ဒသမ၁ရှိ အားပြင်းငလျင် လှုပ်ခဲ့ရာ အနီးဆုံးတွန်ဂါကျွန်းနိုင်ငံလေးမှ အဆောက်အအုံများ လှုပ်ခါသွားကြောင်း တာဝန်ရှိသူများနှင့် ဒေသနေပြည်သူများက ပြောကြားသည်။(အပေါ်ပုံ)

အဆိုပါငလျင်လှုပ်မှုကြောင့် ပျက်စီးမှုများ မရှိသကဲ့သို့ သေကျေမှုများလည်း မရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ၎င်းငလျင်သည် ဒေသစံတော်ချိန် နံနက် ၅ နာရီက လှုပ်သွားခဲ့ခြင်းဖြစ်သည်။

ငလျင်သည် ပစိဖိတ်သမုဒ္ဒရာအောက် မိုင်၂၀အနက်တွင် လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်လှုပ်ရာဗဟိုသည် တွန်ဂါမြို့တော် နုကုအလော့ဖာ၏ အရှေ့တောင်ဘက် ၉၄ မိုင်အကွာအဝေးတွင်ဖြစ်ကြောင်း သိရသည်။

ကော့စတာရီကာနှင့် မက္ကဆီကို မိုးသည်းထန်၍ ရေကြီး

ကော့စတာရီကာ အောက်တိုဘာ ၁၉

ကော့စတာရီကာနိုင်ငံ၌ လွန်ခဲ့သော လေးရက်က မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများ ကျယ်ပြန့်စွာ ဖြစ်ပွားလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သတိပေး

မိုးများအဆက်မပြတ်ရွာသွန်းနေသဖြင့် ဆည်များ၊ ရေကာတာများ ကျိုးပေါက်မည့်အခြေအနေ ဖြစ်ပေါ်နေသဖြင့် အနီးဝန်းကျင်ဒေသနေ ပြည်သူများအား သတိပေးမှုများ ပြုလုပ်ထားရသည်။

ကော့စတာရီကာမြောက်ပိုင်းမှ မက္ကဆီကိုတောင်ပိုင်းအထိ ရေကြီးခြင်းသတိပေးမှုများ၊ ကာကွယ်ရေးအစီအမံများ အသင့်ပြုလုပ်ထားကြောင်း သိရသည်။

ဆရာဝန်အသင်းဆေးပညာ စာပေးစာယူသင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME)မှ ကြီးမှူး၍ အနယ်နယ်အရပ်ရပ်မှ အထွေထွေရောဂါကုဆရာဝန်များအတွက် "Diagnostic Medical-Surgical Procedures(2008)" စာပေးစာယူ သင်တန်းကို ၂၀၀၈ ခုနှစ် အောက်တိုဘာ၃၀ရက်မှ ဒီဇင်ဘာ၂၀ရက်အထိ သင်ကြားပို့ချမည်ဖြစ်သည်။

စိတ်ပါဝင်စားသော ဆရာဝန်များသည် အောက်တိုဘာ ၂၀ရက်မှ နိုဝင်ဘာ ၅ရက်အထိ ရုံးချိန်အတွင်း အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းရုံး ရုံးအဖွဲ့မှူး ဖုန်း-၃၇၈၈၆၃၊ ၃၈၀၈၉၉၊ ၃၉၄၁၄၁တို့သို့ ဆက်သွယ်စာရင်းသွင်းပြီး သင်တန်းတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ၏

ဇီးချိုပင်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် အောက်တိုဘာ ၁၉

ချောက်မြို့ ဇီးချိုပင်ဂေါက်ကွင်း၌ အောက်တိုဘာ ၁၇ရက်က ဦးဇော်ဝင်းနိုင်သည် ကစားဖော်များဖြစ်သော ဦးတင်သောင်း(စက်မှု-၁)၊ ဦးစိုးအောင်(မြန်မာ့ရေနံ)၊ ဦးဝင်းလှိုင်၊ ဦးမောင်ဒေါင်းတို့နှင့်အတူ ကျင်းအမှတ်(၁၈)တွင် ၁၅၈ကိုက်အကွာမှ သံတုတ် Gosen No-6 Srixon Zur No-2 ဘောလုံးနှင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကင်းမြို့နယ်၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွား၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှုမရှိ ပြည်သူများက အဖျက်သမားများအား ရွံ့မုန်းကာ ဖမ်းဆီးဖော်ထုတ်အရေးယူနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၉

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက် ဘောက်ထော်ဘုတာရုံလမ်းနှင့် မိုးကောင်းလမ်းဆုံအနီး ကားလမ်းနံဘေးမြက်ခင်းပြင်၌ အောက်တိုဘာ ၁၈ရက် ည ၇နာရီ ၁၀မိနစ်ခန့်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း၊ သို့ရာတွင် လူထိခိုက်ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း သိရှိရသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာတစ်ဝိုက်ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပိတ်ဆို့ရှင်းလင်းရှာဖွေခဲ့ရာ အဆိုပါပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၏ အရှေ့ဘက် ၁၅ပေခန့်အကွာ လမ်းဘေးတွင် နောက်ထပ်ချိန်ကိုက်မိုင်းတစ်လုံးကို သိမ်းဆည်းဖော်ထုတ်ရရှိခဲ့သည်။

ပူးပေါင်းဆောင်ရွက်

ယင်းပေါက်ကွဲမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ အဖျက်သမားများက ပြည်သူလူထုထိတ်လန့်ချောက်ချားစေရန်နှင့် ထိခိုက်ဒဏ်ရာရရှိစေရန်တို့အတွက် ကြံစည်လုပ်ဆောင်လျက်ရှိသည်ကို သိရှိကြသောပြည်သူများက အဖျက်သမားများအား ရွံ့မုန်းကာ ဖမ်းဆီးဖော်ထုတ်အရေးယူနိုင်ရေး လိုလားလျက်ရှိကြသဖြင့် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇီးကုန်းမြို့နယ်၌ ပညာသင်ကြားပေးကြသော အငြိမ်းစား ဆရာ၊ ဆရာမကြီးများအားပူဇော်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

ဇီးကုန်းမြို့နယ်၌ ပညာသင်ကြားပေးခဲ့ကြသော ရန်ကုန်ရောက် အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား တပည့်ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၂ရက်က ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ခမ်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာ၊ဆရာမကြီးများအား ဇီးကုန်းမြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းက မိတ်ဆက်ပေးပြီးဥက္ကဋ္ဌ ဦးသန်းအောင်က အမှာစကားပြောကြားကာ အမှုဆောင် ဦးမြင့်ဆွေက ကန်တော့ချီးတိုင်ပေး၍ တပည့်များက အလှူငွေများဖြင့် ပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ ဆရာဆရာမကြီးများကိုယ်စား ကျောင်းအုပ်ဆရာကြီး ဦးလှဦး(**အပေါ်ပုံ**)နှင့် ဆရာမကြီး ဒေါ်ခင်စုတို့က ဆုံးမသြဝါဒစကားများ ပြောကြားကြပြီး အမှုဆောင် ဒေါ်ခင်အေးရီက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြေယာရှင်းအလုပ်ပြုပြင်

မြိတ်မြို့ လေဆိပ်အဝင်လမ်းပန်းခြံ မြေယာရှင်း အလုပ်ပြုပြင်ခြင်းကို စက်တင်ဘာ ၁၉ ရက်က ညွှန်ကြားရေးမှူး ဦးသိန်းထူး ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းက ရှင်းလင်းတင်ပြစဉ်။

(မြန်မာ့အလင်း)

သာစည်မြို့နယ်စည်ပင် မြို့သာယာလှပရေးနှင့်ရေပေးရေး ဆောင်ရွက်

သာစည် အောက်တိုဘာ ၁၂

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးသည် စက်တင်ဘာ ၄ ရက်က သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးနှင့် မြို့ရေပေးရေးဖြန့်ဝေမှုအတွက် ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးသည် အမှတ်(၁) ပျိုးဥယျာဉ်သို့လည်းကောင်း၊ မြို့ရေဖြန့်ဝေပေးသည့် အနောက်ပိုင်းရေစဉ်(၂)သို့လည်းကောင်း၊ မိတ္ထီလာ-သာစည်မြို့အဝင် သပြေဝလမ်းခွဲ တြိဂံကျွန်းတွင် မြေယာရှင်းအလှနှင့် ပန်းအလှပင်မျိုးစုံ စိုက်ပျိုးထားမှုကို လည်းကောင်း၊ မြို့ရေပေးရေးဝင်းရှိ အဖွဲ့ပိုင်မော်တော်ယာဉ်များထားရှိမှုနှင့် စက်ပိုင်းဆိုင်ရာကြွခိုင်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။**(ယာပုံ)**

စစ်ဆေးကြည့်ရှု

ထို့နောက် စစ်ဆေးကြည့်ရှုမှုများနှင့် ပတ်သက်၍ အမှုဆောင်အရာရှိ ဦးမောင်တိုးက လုပ်ငန်းပိုင်းအလိုက်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြရာ တိုင်းညွှန်ကြားရေးမှူးကလိုအပ်မှုများကို အကြံပြု ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ (ဝ၉၄)

တနင်္သာရီတိုင်း ခမောက်ကြီးမြို့ မြခွာညိုလမ်း ကျောက်ချောလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ရန်အတွက် တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထူး စက်တင်ဘာ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့ဥက္ကဋ္ဌ၊ တာဝန်ခံနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အင်းစိန်စက်မှုသိပ္ပံ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၉

အင်းစိန်စက်မှုသိပ္ပံ လျှပ်စစ်ဓာတ်အားပေးရေး အင်ဂျင်နီယာဌာနမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များ ခမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါက ဦးမောင်မောင်အေး ဖုန်း-၀၉-၅၁-၂၆၆၆၅၊ ဦးလှသိန်း ဖုန်း-၀၉-၅၁-၉၂၉၇၅၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၅၁-၃၀၅၁၄နှင့် ဦးတင်မောင်လွင် ဖုန်း-၀၉-၅၀-၅၀၄၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က လက်ဝဲဒက်ရွာသစ်-သပြေတောင်ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပင်လည်ဘူးမြို့နယ် ထွေ/အုပ်ဦးစီးပိုင် ငါးကန်အတွင်း ငါးမျိုးများ စိုက်ထည့်

ပင်လည်ဘူး အောက်တိုဘာ ၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာန၏စီစဉ်မှုဖြင့် ပင်လည်ဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနပိုင် ငါးကန်များအတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးအေးဝင်း၊ ကောလင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များက ငါးကန်များအတွင်းသို့ ငါးကြင်းသားပေါက်ကောင်ရေ ၄၀၀၀နှင့် ငါးခုံးမကောင်ရေ ၁၆၀၀၀ စုစုပေါင်း ငါးကောင်ရေ ၂၀၀၀၀ ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဖြူးမြို့၌ အဝတ်အထည်နှင့်ဆေးများလှူဒါန်း

ဖြူး အောက်တိုဘာ ၈

၂၀၀၈ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၁၀ နာရီက ဖြူးမြို့ ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဆိုင်တို့က အမှာစကားပြောကြားကြပြီး အဘိုးအဘွားများအား အဝတ်အထည်များ၊ ဆေးများလှူဒါန်းခြင်းနှင့် အစာအာဟာရများ ကျွေးမွေးကြကြောင်း သိရသည်။ (ဝ၅၁)

မြို့နယ် သတင်းများ

ဆားအရောင်းဆိုင်များ အိုင်အိုဒင်းပါဝင်မှု သာယာဝတီ၌ စစ်ဆေး

သာယာဝတီ အောက်တိုဘာ ၁၂

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သာယာဝတီဈေးနှင့် သုံးဆယ်ဈေးများတွင် ရောင်းချလျက်ရှိသော ဆားအရောင်းဆိုင်များ၌ အိုင်အိုဒင်းဆားရောင်းချခြင်း ရှိမရှိ စစ်ဆေးခြင်းကို အောက်တိုဘာ ၈ရက်က အမှုဆောင်အရာရှိ၊ ဦးစီးအရာရှိ၊ ဈေးခေါင်း (၄)နှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရေစကြိုမြို့၌ မိုးစပါးထွန်တုံးပိတ်

ရေစကြို အောက်တိုဘာ ၁၀

မကွေးတိုင်း ရေစကြိုမြို့နယ်၏ ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃ ရက်က ကျင်းပသည်။

စိုက်ပျိုးနိုင်

ထွန်တုံးပိတ်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမြငွေနှင့် ဖုန်ခေါင်းဆောင်များ၊ နယ်မြေတာဝန်ခံများနှင့် တောင်သူဦးကြီးများ စုံညီစွာ တက်ရောက်ကြပြီး မိုးစပါးကို ရေစကြိုတစ်မြို့နယ်လုံးအတွက် လျာထားဧက ၃၄၉၆၁ ဧကဖြစ်ရာ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၃၄၉၉၉ဧက စိုက်ပျိုးနိုင်ခြင်းကြောင့် ၁၀၀ ဒသမ ၁၁ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ကြောင်း သိရသည်။ **(ဝ၆၉)**

တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် နွားထိုးကြီးလမ်း ကျောက်ချောလမ်း ပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို စက်တင်ဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဦးလှဝင်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဝင်းက ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး စေတုတ္တရာနှင့် စလင်းမြို့နယ်တွင် ဆောင်ရွက်

မင်းဘူး အောက်တိုဘာ ၈

မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်သည် သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများလိုက်ပါလျက် စက်တင်ဘာ ၁၈ ရက်မှ ၂၃ရက်အတွင်း စေတုတ္တရာမြို့နယ် မြေနီကုန်းကျေးရွာအုပ်စုစာကြည့်တိုက်များသို့လည်းကောင်း၊ စလင်းမြို့နယ် မင်ကျုံးကျေးရွာအုပ်စု၊ မြောက် ကျောင်းကုန်းကျေးရွာအုပ်စုနှင့် မိုးဝန်းကျေးရွာအုပ်စုများသို့လည်းကောင်း သွားရောက်၍ ဖွင့်လှစ်ထားသည့် ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် မြို့နယ် ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ၂၀၀၈-၂၀၀၉ ခုနှစ် ဌာနလုပ်ငန်း ရည်မှန်းချက်တာဝန်များ၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ် ထိတွေ့ဆောင်ရွက်သွားရန် မှာကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဒိုးပတ်အတီးပြိုင်ပွဲ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားအဖွဲ့လိုက် ဒိုးပတ်အတီးပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထနေ့ယှဉ်ပြိုင်နေမှုများ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၉

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ယနေ့နံနက် ၉ နာရီတွင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀)နှစ် အမျိုးသမီးခေတ်အကြိုက်တေး အဆိုပြိုင်ပွဲ ကျင်းပသည့် နေပြည်တော်ရှိ ရွာတော်အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်သို့ ရောက်ရှိရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ *စာမျက်နှာ ၃ ကော်လံ ၁* ■

* ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။

* မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့အသုံးဝင်။

* အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး



အင်တာနက် အသုံးပြုလေ့လာပေးခြင်းဖြင့် ဦးနှောက်မှတ်ဉာဏ်စွမ်းရည် ပို၍ကောင်းစေနိုင်

လော့အိန်ဂျလိစ် အောက်တိုဘာ ၁၉

လူလတ်ပိုင်းနှင့် အသက်အရွယ်ရလာသူများသည် အင်တာနက် အသုံးပြုပေးခြင်းဖြင့် ဦးနှောက်မှတ်ဉာဏ်စွမ်းရည် တိုးတက်ကောင်းမွန်စေနိုင်ကြောင်း သုတေသနသိပ္ပံပညာရှင်များက လေ့လာတွေ့ရှိထားသည်။

ပိုမိုအားကောင်း

အင်တာနက်အသုံးပြုသူများ၏ ဦးနှောက်မှတ်ဉာဏ်စွမ်းအားကို ဆန်းစစ်လေ့လာကြည့်ရာတွင် ဦးနှောက်အတွင်းရှိ မှတ်ဉာဏ်နေရာများ ပိုမိုအားကောင်းလာသည့်အချက်ကို လေ့လာတွေ့ရှိရကြောင်း စာမျက်နှာ ၃ ကော်လံ ၃ ●

ယာသီးနှံမှ လယ်သီးနှံစိုက်ပျိုးမှုကို ပြောင်းလဲပေးလိုက်သည့်အပြင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့မှုကိုပါ အထောက်အကူပြုနေသည့် ပခုက္ကူခရိုင် မြိုင်မြို့နယ်က ကျောက်ဆောက်ရေလှောင်တမံ

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်ဆောက်ရွာအနီး တည်ဆောက်ထားသော လယ်မြေဧက ၁၅၀ ဆည်ရေသောက်ရေပေးဝေနေသည့် ကျောက်ဆောက်ရေလှောင်တမံ၏ ရေသိုလှောင်ထားရှိမှုမြင်ကွင်း။ (ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း)

သတင်းမှတ်စု-ကျော်စိန်

ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၁၉

ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာအနီး မကွေးတိုင်းဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)က တာဝန်ယူတည်ဆောက်ခဲ့သည့် ကျောက်ဆောက်ရေလှောင်တမံကို ယခုနှစ် ဩဂုတ် ၂၉ရက်က ဖွင့်လှစ်ပေးခဲ့သည်။ ကျောက်ဆောက်ရေလှောင်တမံသည် ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာအနီး ကျောက်ဆောက်ချောင်းကိုပိတ်၍ တည်ဆောက်ထားပြီး ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၂၅ပေ၊ အလျားပေ ၂၉၀၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၅၀၉ ဧကပေရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* *